# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်    ၂၀၂၆ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္လာနေ့    အတွဲ (၆၅)၊ အမှတ်(၁၆၇)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၁၈ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ငဖဲမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေး နှမ်းနှမ်း ၁၀၄၄ ဧက စိုက်ပျိုးပြီးစီး

ငဖဲ မတ် ၁၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံ၊ ရင်းရှည်ရေလှောင်တမံနှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သော ရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နှမ်းနှမ်း ၁၁၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

၂၀၂၆ ခုနှစ် နှမ်းသီးနှံများ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေ၊ ဆည်ငယ်ကန်ငယ်ရေတို့ဖြင့် နှမ်းနှမ်းစိုက်ပျိုးမည့် လယ်ယာမြေများသို့ စိုက်ပျိုးရေများ စနစ်တကျဖြန့်ဝေပေးလျက်ရှိပြီး စိုက်ပျိုးပြီးစီးသည့် နှမ်းမျိုးများမှာ စမုန်နက် ၃၂၈ ဧက၊ ဆင်းရတနာ-၁၂ ဧက ၃၀၀ နှင့် သိပ္ပံနှမ်းနက် ၄၁၆ ဧက စုစုပေါင်း ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ပြည့်မီရေး

*စာမျက်နှာ ၃ ကော်လံ ၁* ■




**ယနေ့ ဖတ်စရာ**

**တစ်မြစ်တွင်းရေအတူသောက်သုံးကာ အနာဂတ်ပုံရိပ်သစ်ကို အတူရေးဆွဲခြင်း** ဆောင်းပါး စာ ၁၆

**သီရိလင်္ကာနိုင်ငံ၌ QR Code စနစ်အသုံးပြု၍ ယာဉ်များအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးမှုစတင်** နိုင်ငံတကာသတင်း စာ ၁၄

**စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှု သတိပြု ... အထိတ်တလန့်ဝယ်ယူခြင်း အကြောင်းအကျိုး** ဆောင်းပါး စာ ၂၀


**အမြင့်ဆုံး နေ့အပူချိန်များ** (၁၅ - ၃ - ၂၀၂၆)

| | | |
|---|---|---|
| ချောက်မြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီးမြို့ | ၃၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၃ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက် )
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်-

(၁) **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၇၂၃၈ **အစား** ကြည်း ၃၂၈၃၅
ဗိုလ်မှူးကြီး မင်းသူကျော် ဗိုလ်မှူးကြီး စိုးမိုးဝင်း

(၂) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၃၀၁၀၇ **အစား** ကြည်း ၃၀၃၃၉
ဗိုလ်မှူးကြီး ခန့်မွန်ဆွေ ဗိုလ်မှူးကြီး စိုးမင်းဦး

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၆) ကြိမ်မြောက်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်လေးခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၁ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၀၃ သန်းနှင့် ကျပ် ၁၉၅၅၅၂၆ ဒသမ ၉၅၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၆၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။



ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးမော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ခြင်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ လက်ကိုင်ဖုန်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆိုလာပြားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်နေကြာစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထားသည့် မျိုးမြှင့်တင်ပေးထားသော ဆင်းရွှေကြာ-၂ နေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံပြီး နေကြာသီးနှံကို စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် စပ်မျိုးနေကြာမျိုးကို နှစ်စဉ်စိုက်ပျိုးရာသီတိုင်း ဝယ်ယူရန်မလိုဘဲ တောင်သူကိုယ်တိုင်မျိုးရွေးချယ် မြှင့်တင်နည်းဖြင့် စိုက်ပျိုးနိုင်သည့် သဘာဝဝတ်မှုံကူးနိုင်သောမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ ဤနည်းစနစ်တွင် အပွင့်အရွယ်အစားနှင့် အထွက်တိုးလက္ခဏာနှင့်ပြည့်စုံသော အပင်ပုံစံတို့ကို ရွေးချယ်၍ မျိုးစေ့သိမ်းဆည်းပြီးနောက် စိုက်ပျိုးရာသီတွင် ပြန်လည်စိုက်ပျိုး၍ နှစ်စဉ်မျိုးထိန်းမြှင့်တင်သွားရန်၊ စိုက်ပျိုးရာဒေသနှင့်ကိုက်ညီမည့်အပင်များကို ဂရုတစိုက်ရွေးချယ် စိုက်ပျိုးထုတ်လုပ်ကြရန်၊ “နေကြာစိုက်ပါ ပျားမွေးပါ၊ ပျားရည်လည်းရ ဆီလည်းရ” “နေကြာနှင့်ပျားတူယှဉ်ထား ဂေဟစီးပွားအကျိုးများ” ဆိုသည့်အတိုင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့စိုက်ကွင်း၌ ပြည်ပမှတင်သွင်းသောမျိုး (၃)မျိုး၏ဝတ်မှုံများနှင့် မျိုးကူးထားသည့် ဆင်းရွှေကြာ (၃)(ပရိ)စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်နေကြာ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ နေကြာစိုက်ပျိုးသည့် ဧရိယာနှင့် မျိုးစေ့လိုအပ်ချက် ဟန်ချက်ညီ ဆောင်ရွက်ပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ မျိုးစေ့ထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးအရ တွက်ခြေကိုက်သည့် လုပ်ငန်းအဖြစ် ရေရှည်လုပ်ကိုင်ဆောင်ရွက်ရေးအတွက် နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ ***ရှေ့ဖုံးမှ***

ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်းနှင့် နွေနှမ်းအထွက်နှုန်းကောင်းမွန်ရန် စနစ်တကျ ရေသွင်းပေးရန်လိုအပ်ပြီး နှမ်းပင်အခြေရေမဝပ်ရန် စိမ့်ရေဖြင့်ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့် ရေသွင်းပေးရကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် နွေသီးနှံများ စိုက်ပျိုးရာသီ၌ စပါးနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး ဒေသတွင်း စားသုံးဆီဖူလုံစေရေး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို ဦးတည် ဆောင်ရွက်လျက်ရှိရာ သီးနှံများ ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၅**

မတ် ၁၆ ရက်၌ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော်  မတ်  ၁၅**
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း ရှိ သာသနာ့မဟာဗိမာန်တော်ကြီး ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသအမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်နှင့် အလှူရှင်များ တက်ရောက်ကြသည်ညီ ကြသည်။

**နာယူကြည်ညို**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး တက်ရောက်လာသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်



ဘန္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာကြား ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်း လောင်း အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **သတင်းစဉ်**

# အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ဈေးနှုန်းသက်သာစွာဝယ်ယူခွင့်ရရှိနေသော မော်တော်ယာဉ်များအနေဖြင့် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော်  မတ်  ၁၅**
စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး အတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များ ရောင်းချပေးလျက်ရှိရာ ပြည်သူများ အမှန်တကယ် အကျိုးခံစားခွင့်ရရှိစေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန၌ကျင်းပသည်။




အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သယ်ဇာတရေးရာဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် စက်သုံးဆီ ဖြိုးဖြိုးဖြောင့်ဖြောင့်ရနိုင်ရေး၊ အရန်စက်သုံးဆီပမာဏ ပိုမိုသိုလှောင်နိုင်ရေး၊ စက်သုံးဆီတင်သွင်းသည့် အရန်လမ်းကြောင်းများအား ရှာဖွေရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများဖြင့် ဆောင်ရွက်နေပါကြောင်း၊ စက်သုံးဆီ ဖြိုးဖြိုးဖြောင့်ဖြောင့်ရနိုင်ရေးတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးသည် အဓိကကျပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များသို့ သဘာဝဓာတ်ငွေ့(CNG)များကို မပြောင်းလဲသော ဈေးနှုန်းဖြစ်သည့် ၁ ကီလိုဂရမ် လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ရောင်းချပေးနေပါကြောင်း၊ ယင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် သက်သာနေပါကြောင်း၊ စက်စွမ်းအားတူညီသည့် မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်နှင့် CNG တို့အား တူညီ ခရီးအကွာအဝေးအတွက် လောင်စာဆီ ကုန်ကျစရိတ်ကို နှိုင်းယှဉ်ပါက CNG သည် သုံးပုံတစ်ပုံခန့်သာ ကုန်ကျမည်ဖြစ်ပါကြောင်း၊ CNG သုံး Taxi ယာဉ်များ အနေဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးထားသည့် အခွင့်အရေးကို ပြည်သူများ ခံစားခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြ စေလိုပါကြောင်း၊ CNG Taxi သုံးယာဉ်များကို စီးနင်းကြသည့် ပြည်သူများအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်းကြီးမြင့်မှုကို အခွင့်အရေးယူ၍ ငှားရမ်းခ တိုးမြှင့်တောင်းခံခြင်းများကြုံတွေ့ရ၍ တိုင်ကြားလာပါက CNG သုံးစွဲခွင့်စာရင်းမှ ပယ်ဖျက်၍ သုံးစွဲခွင့်တောင်းခံထားသည့် အခြားမော်တော်ယာဉ်များကို ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ YBS ယာဉ်များအနေဖြင့်လည်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုထားသည့် လမ်းကြောင်းများအတွင်း၌သာမောင်းနှင်၍ ဝန်ဆောင်မှုပေးကြရန် လိုအပ်ပါကြောင်း၊ မကြာမီအချိန်အတွင်း CNG အသုံးပြုနေသည့် မော်တော်ယာဉ်များတွင် Metering စနစ်တပ်ဆင်ခြင်း၊ နည်းပညာအသုံးပြု၍ ထိန်းချုပ်ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) ကို ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ CNG သုံးယာဉ်များ အနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိစွာ ဝန်ဆောင်မှုပေးစေရေးတင်းကျပ်စွာ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်ကြားနိုင်**

CNG သုံးယာဉ်များနှင့် စပ်လျဉ်း၍ အများပြည်သူအနေဖြင့် ကျေနပ်မှုမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တိုင်ကြားရန်ဖုန်း ညွှန်ကြားရေးမှူး(CNG) – ၀၉ ၇၉၄၁၁၅၄၁၀ ၊ ၀၉ ၂၆၂၄၆၇၀၇၇**

**မော်တော်ယာဉ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် CNG တို့ကို အသုံးပြုမောင်းနှင်၍ လောင်စာဆီသုံးစွဲမှုနှုန်းနှင့် ကုန်ကျစရိတ်တို့အား နှိုင်းယှဉ်တင်ပြခြင်း**

| စဉ် | မော်တော်ယာဉ် အမျိုးအစား | အင်ဂျင် ပါဝါ | လောင်စာဆီ အမျိုးအစား | လောင်စာဆီ အသုံးပြုမှုနှုန်း | လောင်စာဆီ ဈေးနှုန်း | ၁၀၀ ကီလိုမီတာ မောင်းနှင်ခြင်း | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကုန်ကျငွေ (ကျပ်) | ကုန်ကျမှု % (ဓာတ်ဆီနှင့် နှိုင်းယှဉ်ခြင်း) | ကုန်ကျမှု % (ဒီဇယ်ဆီနှင့် နှိုင်းယှဉ်ခြင်း) |
| ၁ | Mark II 99 | ၂၀၀၀ စီစီ | 95 RON Gasoline | ၈.၉၉ ကီလိုမီတာ/ လီတာ | ၂,၅၉၅ ကျပ်/ လီတာ | ၂၈,၈၆၅ | - | - |
| ၂ | Mark II 99 | ၂၀၀၀ စီစီ | Premium High Speed Diesel | ၉.၉၁ ကီလိုမီတာ/ လီတာ | ၂,၉၀၅ ကျပ်/ လီတာ | ၂၉,၃၁၄ | - | - |
| ၃ | Mark II 99 | ၂၀၀၀ စီစီ | CNG (နိုင်ငံတော်မှ စိုက်ထုတ်ပေးသည့်ဈေးနှုန်း) | ၁.၈၅၄ ကီလိုမီတာ/ လီတာ | ၁၈၂ ကျပ်/ လီတာ | ၉,၈၁၇ | ၃၄ % | ၃၃ % |

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

❖ *ရှေ့ဖုံးမှ*

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် –

### အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ

(က) အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် –

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ်၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ်၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၈ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၃ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၇ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၅၅ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၆၀၁ ကျပ်မှ ကျပ် ၇၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၂၀၁ ကျပ်မှ ကျပ် ၉၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၁၁ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၈၀၁ ကျပ်မှ ကျပ် ၁၂၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၅၂ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၄၀၁ ကျပ် မှ ကျပ် ၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၉၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ် မှ ကျပ် ၁၈၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၄၃၈ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၈၂၀၁ ကျပ်မှ ကျပ် ၂၁၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၈၁ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၁၄၀၁ ကျပ်မှ ကျပ် ၂၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၂၄ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၄၆၀၁ ကျပ်မှ ကျပ် ၂၇၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆၈ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၇၈၀၁ ကျပ်မှ ကျပ် ၃၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁၁ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၁၀၀၁ ကျပ်မှ ကျပ် ၃၄၂၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၃၇၉ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၄၂၀၁ ကျပ်မှ ကျပ် ၃၇၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၉၅၂ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၇၄၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၀ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၁ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၁ ကျပ် |

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

| | | | |
|---|---|---|---|
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၅၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၆၂ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၉၉ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၅၀၁ ကျပ်မှ ကျပ် ၁၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၇၃ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၅၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၈၄ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၅၀၁ ကျပ်မှ ကျပ် ၁၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၉ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၀၀၁ ကျပ်မှ ကျပ် ၂၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၅၆ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၁၆ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၃၀၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၇၆ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၁၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) ဘက်ထရီ လျှပ်စစ်သုံး လူစီးယာဉ်။ | | ၅ ရာခိုင်နှုန်း |
| | (ခ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | (ဂ) Double Cab 4 Door Pick-up ကားများအပါအဝင် Pickup ကားများမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | (ဃ) Double Cab 4 Door Pickup ကားများအပါအဝင် Pickup ကားများမှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

| | |
|---|---|
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများထုတ်လုပ်ရန် စက္ကူများ(40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့်နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြား လူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင်ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ရာဘာ(ခေါ်)ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့်တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေး လုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲ မျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted Structure, Solar /PV Mounted Frames, Solar/ PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV/ Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံးထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစား အပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၇ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ(ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၈ | ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၃၉ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၀ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏ အဖွဲ့ဝင်များအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ကုန်စည်များ။ |
| ၄၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှဝယ်ယူသည့်ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့် ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၄ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၅ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၄၆ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return)စနစ်ဖြင့် မူရင်းကုန်စည်၏အခြေအနေ ပျက်ယွင်းမှုမရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |

စာမျက်နှာ ၈ သို့

*စာမျက်နှာ ၇ မှ*

| | |
|---|---|
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရကဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာ ထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့်အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) တို့ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှု လုပ်ငန်းများမှရငွေအပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ်(SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation)အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ် ၂၀,၀၀၀ ဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် ၁၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ည) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ် ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် ၀ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ပင်ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ(ဂ)ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်းသတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ၁၀ ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ၂ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှု ရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ-

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ အပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့် လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က)ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေကို ဆိုသည်။

(ဂ) ပုဒ်မခွဲ(က)ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် –

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ(Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်–

(၁) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၈)**

**ရတနာခွန်**

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင် လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် –

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့်လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

**အခန်း (၉)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်–

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဌ) ရေခွန်၊

(ဍ) တာတမံခွန်၊

(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဏ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

**အခန်း (၁၀)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ် ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် –

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်း ကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါ ဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ –

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် –

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်နှင့် အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ဇယား (၁)

## ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလခန့်မှန်းခြေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၆ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၇,၀၆၉,၅၇၂.၃၂၃ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၂,၂၉၃.၄၀၁ |
| | ၂ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၄,၃၅၄,၀၆၂.၄၇၄ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၅၀၀.၀၀၀ |
| | ၄ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၃,၉၉၀.၄၈၀ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၄,၇၉၂.၉၉၄ |
| | ၆ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၃၄၉,၀၈၆.၇၃၅ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၄၈.၄၀၅ |
| | ၈ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၂,၁၂၉,၈၂၆.၉၂၈ |
| | ၉ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ရတနာခွန်၊ | ၅၉,၉၅၁.၉၀၆ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့်အခကြေးငွေများ၊ | ၈,၇၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေးရငွေ၊ | ၁,၆၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊ | ၆၉.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၆,၀၇၃,၀၈၁.၄၇၇ |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၆,၀၇၃,၀၈၁.၄၇၇ |
| ၃ | | | **အကောက်ခွန်** | ၄၆၀,၀၀၀.၀၀၀ |
| | ၁ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၈၇၀,၅၉၇.၁၆၉ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၅၇.၂၄၁ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၂၃.၈၁၀ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၅၅၁.၉၇၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၇၈.၂၅၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၅,၉၆၅.၉၁၈ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၅၅၁,၄၇၈.၆၂၂ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၁၆၈,၇၃၉.၂၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၉၄,၁၉၃.၂၅၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ ရရှိသည့် ဓာတ်အားခ၊ | ၄၄,၂၀၆.၅၆၅ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်၊ | ၂,၂၀၁.၉၉၈ |
| | | | စုစုပေါင်း | ၁၄,၄၇၃,၂၅၀.၉၆၉ |

## (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် မတ် ၁၅**

(၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဒဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



အဆိုပါ (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများကို သွားရောက်လေ့လာခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ခေတ်အဆက်ဆက်မှ အသုံးပြုခဲ့သော သမိုင်းဝင်လက်နက်များနှင့် အသုံးအဆောင်ပစ္စည်းပြကွက်များကို သွားရောက်လေ့လာကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်းများအား ဂါရဝပြုအလေးပြုကြပြီး(ဝဲပုံ) ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

※ *ကျောဖုံးမှ*

သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မတ် ၁၄ ရက်တွင် တရားမဝင် ပြည်ပနိုင်ငံသား ၈၆ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့**

အလားတူ ယနေ့တွင်လည်း မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၆၅၀ ခန့်အကွာနေရာ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက မွန်းတည့် ၁၂ နာရီခန့်တွင် သွားရောက်စစ်ဆေးရာ မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၆၅၀ ခန့်အကွာအနီးရှိ တောအုပ်အတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသမီး တစ်ဦး၊ ရုရှားနိုင်ငံသား အမျိုးသမီး တစ်ဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း ၆၉ ဦးတို့ကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

အဆိုပါ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၉ ဦးတို့အား မြဝတီမြို့၌ ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ နိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား (၆၉) ဦး ဖမ်းဆီးရရှိမှုနေရာပြပုံ




# စစ်ကိုင်းမြို့၌ ငွေကျပ် ၃၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်၌ ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းမြို့၌ ငွေကျပ် ၃၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တောင်ကြီးမြို့နယ်၌ ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်တွင် မန္တလေးမှ စစ်ကိုင်းမြို့ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင် BAJAJ RE အမျိုးအစား မီနီအိုးဝေ သုံးဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဝန်းသိုမြို့နယ် ကျုံးကြီးကျေးရွာနေ မရွှေဇင်ဦး(၂၂)နှစ် သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၅ သိန်း) ဖမ်းဆီးရမိသဖြင့် မရွှေဇင်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။



**တရားခံ မရွှေဇင်ဦးအား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

ထို့အတူ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာအောင်မြေရပ်ကွက် နယ်မြေ(၃)နေ ကျော်ဝင်းနိုင်(၃၅)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀ သိန်း ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲ တောင်ကြီးမြို့နယ် အေးသာယာမြို့ အကွက်ကြီး(၁၀)နေ မစုစုစံ(၂၅)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀) ဆက်လက်ဖမ်းဆီးရမိသဖြင့် ကျော်ဝင်းနိုင်နှင့် မစုစုစံတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



**တရားခံ ကျော်ဝင်းနိုင်နှင့် မစုစုစံတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

● *ကျောဖုံးမှ*

လင်းသူရဟိန်း (YRG)၊ ဝေယံဖြိုး၊ ကျော်ဇင်သိန်း (VUC) နှင့် နိုင်ထွန်းလူ (SGF)တို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲအပြီး ရက်ပိုင်းအကြာမှာပင် စတင်လေ့ကျင့်ခြင်းဖြစ်ပြီး လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သည့် ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ပတ္တရားပီခွန်သည် လူငယ်နှင့် မျက်နှာသစ်ကစားသမားများကို ဦးစားပေးရွေးချယ်ထားပြီး မတ် ၂၉ ရက်တွင် ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီ ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (A) တွင် ထိုင်း၊ ဗီယက်နမ်၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကာ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မလေးရှား၊ ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၆ ရက်တွင် ဗီယက်နမ်အသင်း၊ ဧပြီ ၇ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၉ ရက်တွင် တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❑ *ကျောဖုံးမှ*

ကစားသွားနိုင်ခဲ့သောကြောင့် ၂၀၁၂ ခုနှစ်နောက်ပိုင်း စတမ်းဖို့ဒ်ဘရစ်ကွင်းတွင် ပထမဆုံးအကြိမ် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဝီလ်လော့ခ်၏ ဖန်တီးမှုမှ ဂေါ်ဒွန်က ပွဲချိန် ၁၈ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ယင်းသွင်းဂိုးကြောင့် ဂေါ်ဒွန်သည် ပရီမီယာလိဂ် ၂၄ ပွဲကစားပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်နှင့် သွင်းဂိုး ငါးဂိုး ရှိလာပြီဖြစ်သည်။

ချယ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်မှုနှင့်အတူ ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ် ၂၀ ကျော်အထိ ရရှိခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိပေ။ အထူးသဖြင့် မကြာသေးမီက ချယ်ဆီးအသင်းနှင့် ခြောက်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော အသင်းခေါင်းဆောင် ရေစီဂျိမ်းစ်၏ အလွတ်တည်ကန်ဘော ဂိုးတိုင်ထိထွက်သွားခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် အိမ်ကွင်းသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

အာဆင်နယ်နှင့် အဲဗာတန်အသင်းပွဲစဉ်ကိုလည်း မတ် ၁၅ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားကို ကိုးမှတ်ပြတ် ဦးဆောင်ထားနိုင်ပြီ ဖြစ်သည်။ အာဆင်နယ်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သော အသက် ၁၆ နှစ်အရွယ် မက်စ်ဒေါမန်သည် ပရီမီယာလိဂ်သမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က မင်းတား၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဆန်းဒါးလန်းကို နိုင်ပွဲရရှိပြီး တန်းဆင်းဇုန်မှ ဘန်လေနှင့် ကစားပုံမာကျောသည့် ဘုန်းမောက်အသင်းတို့ပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။ ထို့အပြင် ဝက်စ်ဟမ်းနှင့် မန်စီးတီးအသင်းတို့ ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **အောင်ဇော်**

## ဟုမ္မလင်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် မတ် ၁၅**

၂၀၂၆ ခုနှစ် မတ် ၁၅ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၃၃ မိနစ် ၀၁ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဟုမ္မလင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၆၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၄ ဒီဂရီ၊ အနက် ၁၄၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၅**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၅**

၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန ရုံးအမှတ် (၅၂)၌ ကျင်းပသည်။(**ယာပုံ**)

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ အစည်းက သတ်မှတ်ထားသည့် ဆောင်ပုဒ်ဖြစ်သည့် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ" (Safe Products, Confident Consumers)ဆောင်ပုဒ်နှင့်အညီ ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမင်းမင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများ နေ့ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည်စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှု Video Clip ပြသမှု၊ ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မရှင်အဖွဲ့ဝင်များအား အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခြင်း၊ ခေတ်မီ Digital နည်းပညာကို အသုံးပြု၍ မြန်မာဆန်စပါးအွန်လိုင်း MyRO ကို အကောင်အထည် ဖော်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ဝန်ထမ်းကျင့်ဝတ်အပါး ၃၀ ရွတ်ဆိုမှုပြိုင်ပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှုပြိုင်ပွဲများတွင် ဆုရရှိသည့် ဝန်ထမ်းများကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၃/ ၂၀၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို စနစ်တကျနှင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ကော်မရှင်ဥပဒေ ရေးဆွဲခဲ့ရာတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပါရီအခြေခံမူများနှင့် ကိုက်ညီစေရန် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights – OHCHR)၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia–Pacific Forum of National Human Rights Institutions– APF) နှင့် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law – RWI တို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ဥပဒေပညာရှင်များ၏ အကြံဉာဏ်များရယူ၍ ကော်မရှင်ဥပဒေ (မူကြမ်း)ကို ၁ နှစ်နှင့် ၆လ နီးပါး အချိန်ယူရေးဆွဲပြုစုခဲ့ပြီး ပြည်တွင်းရှိ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ပြည်တွင်း ဥပဒေပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ချပြဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်သည် ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်မှ ယနေ့အထိ ၁၅ နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်မူဘောင်၊ နှစ်ရှည်မဟာဗျူဟာစီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်ယန္တရားအသီးသီးမှ တာဝန်ရှိသူများအပါအဝင် အလွှာအသီးသီးမှ ပြည်သူများအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ သင်ခန်းစာများပို့ချခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူ့အခွင့်အရေးပညာပေးစာစောင်များ၊ ဗီဒီယိုများ ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် လူသားအားလုံး၊ နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမည့် လူ့အခွင့်အရေး "စံနှုန်း" များပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)ကို မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာစကား (၃၀) မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ချိခြင်း၊ အမြင်အာရုံချို့တဲ့သူများအတွက် မျက်မမြင်လက်စမ်းဘာသာ (Braille) ဖြင့် ပြုစုဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုအနေဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများကို စိစစ်၍ တိုင်ကြားစာပါ နစ်နာမှုအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ကာ ကုစားမှုများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးပြီး အကြံပြုချက်များ ပေးပို့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုဖြင့် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အခြေခံအခွင့်အရေးများ ပိုမိုပြည့်ဝစွာ ရရှိခံစားနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကော်မရှင်ပေါ်ပေါက်လာပြီးနောက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights –ICESCR) နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict – CRC–OP–AC) တို့ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကော်မရှင်က အကြံပြုတိုက်တွန်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံက ယင်းစာချုပ်များတွင် ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ပြည်တွင်းတည်ဆဲဥပဒေများနှင့် ဥပဒေမူကြမ်းများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုချက်များကို သက်ဆိုင်ရာသို့ပေးပို့ခဲ့ရာ တိုးတက်ဖြစ်ပေါ်မှုများ ရရှိခဲ့ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအနက် စာချုပ်(၇)ခုနှင့် နောက်ဆက်တွဲစာချုပ် (၅)ခုတို့ကို ကော်မရှင်က မြန်မာဘာသာပြန်ဆို၍ ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။

ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သဘောထားအမြင်များကို ပြည်သူများသိရှိနိုင်စေရန်အတွက် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် website နှင့် Myanmar National Portal တို့မှတစ်ဆင့် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်လျက်ရှိရာတွင် ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ အစရှိသည့် ထိခိုက်လွယ်အုပ်စုဝင်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တိုက်တွန်းအားပေးသည့် ထုတ်ပြန်ချက်များ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်ရှင်သန်ခွင့်အစရှိသည့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ၊ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသော ထုတ်ပြန်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့ရက်များအား ကြိုဆိုသော ထုတ်ပြန်ချက်များ စသည်တို့ကို ထုတ်ပြန်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားများကို နိုင်ငံတော်အဆင့် အခမ်းအနား (၄)ကြိမ်အပါအဝင် နှစ်စဉ်ကျင်းပခဲ့ပါသည်။

ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ)အရ ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် အစည်းအဝေးများ တက်ရောက်ခြင်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများတက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation – MOC)ကို လက်မှတ်ရေးထိုးခဲ့ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကော်မရှင်သည် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ တာဝန်တစ်ရပ်ဖြစ်သော လူ့အခွင့်အရေးရှုထောင့်မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို မကြာမီက အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ အပိုင်း ၃ ပိုင်းလုံးတွင် ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။

ကော်မရှင်သည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပြီး လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကိုလည်း နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါသည်။

ကော်မရှင်သက်တမ်း ၁၅ နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၊ မန္တလေးငလျင်ကြီးနှင့် မိုခါမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံ၏အရေးပေါ်အခြေအနေများ၊ ပြည်တွင်းမငြိမ်သက်မှုများ စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ယင်းအခြေအနေများတွင်ပင် ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် နိုင်ငံသူ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်

# စွမ်းအင်ထောက်ပံ့မှုနှင့် ဘဏ္ဍာရေးဆိုင်ရာတည်ငြိမ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နှင့်တောင်ကိုရီးယားတို့ သဘောတူ

**တိုကျို မတ် ၁၅**

ဂျပန်နှင့်တောင်ကိုရီးယားတို့သည် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် စဉ်းစားလျက် စွမ်းအင်ထောက်ပံ့မှုနှင့် ဘဏ္ဍာရေးဈေးကွက်များတွင် တည်ငြိမ်မှုရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံစလုံးမှ ဝန်ကြီးအဆင့် ဘဏ္ဍာရေး အရာရှိများ ဆွေးနွေးပွဲကို တိုကျိုမြို့တွင် မတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြသည်။

နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှု ၁၀ ကြိမ်မြောက် ပြုလုပ်ခြင်းလည်းဖြစ်သည်။ ဆွေးနွေးပွဲအစပိုင်းတွင် ဂျပန်ဘဏ္ဍာရေးဝန်ကြီး ကာတာယာမာ ဆတ်ဆူကီက အရှေ့အလယ်ပိုင်းဒေသ အခြေအနေများနှင့် ပတ်သက်၍ ၎င်း၏စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။ စွမ်းအင်နှင့် ဘဏ္ဍာရေးဈေးကွက် အခြေအနေတိုးတက်မှုများကို ဂျပန်နိုင်ငံကအနီးကပ်စောင့်ကြည့်နေကြောင်း ၎င်းက ပြောသည်။ ဟော်မုဇ်ရေလက်ကြားကိုဖြတ်၍ ရေကြောင်းပို့ဆောင်ရေးသည် ဂျပန်၊ တောင်ကိုရီးယားနှင့် အခြားသောအာရှနိုင်ငံများအတွက် စွမ်းအင်ထောက်ပံ့မှုတည်ငြိမ်ရေးတွင် အလွန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး Koo Yun-cheol ကလည်း ရေနံစိမ်းဈေးနှုန်းများ မြင့်တက်နေကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့စီးပွားရေးတွင် မသေချာမှုများမြင့်တက်နေပြီး နိုင်ငံများ၏အကျိုးစီးပွားနှင့် ရည်ရွယ်ချက်များမှာလည်း ပိုမိုရှုပ်ထွေးလာကြောင်း ၎င်းက ဆက်ပြောသည်။ နှစ်နာရီကြာဆွေးနွေးပြီးနောက် အရာရှိများက ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ မကြာသေးမီက ဂျပန် ယန်းငွေနှင့် တောင်ကိုရီးယား ဝမ်ငွေတို့ သိသိသာသာ တန်ဖိုးကျဆင်းလာမှုအပေါ် စိုးရိမ်ပူပန်ကြောင်း ဝန်ကြီးများက ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

ငွေလဲလှယ်မှုနှုန်းများတွင် မတည်မငြိမ်ဖြစ်မှုနှင့် စနစ်ကျနမှုမရှိသည့်လှုပ်ရှားမှုများကို သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု ကတိပြုပြောကြားခဲ့ကြသည်။ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများတွင် နှစ်နိုင်ငံအနေဖြင့် ပိုမိုနက်ရှိုင်းစွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း နီးကပ်စွာနှင့် လိုက်လျောညီထွေမှုရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ကာတာယာမာက ဆက်လက်ပြောကြားခဲ့သည်။




အင်န်အိတ်ချ်ကေ

## သီရိလင်္ကာနိုင်ငံ၌ QR Code စနစ်အသုံးပြု၍ ယာဉ်များအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးမှု စတင်

**ကိုလံဘို မတ် ၁၅**

သီရိလင်္ကာနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ဆက်နွှယ်ပြီး ထောက်ပံ့မှုကွင်းဆက် အဟန့်အတားများနှင့် ကြုံတွေ့နေချိန် လက်ကျန်စက်သုံးဆီများကို စီမံခန့်ခွဲနိုင်ရေးအတွက် QR Code စနစ်အသုံးပြုပြီး ယာဉ်များအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးမှုကို မတ် ၁၅ ရက်တွင် စတင်လိုက်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် QR Code အသုံးပြုသည့်စနစ်ကို ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် စတင်အသက်ဝင်ကြောင်းနှင့် စက်သုံးဆီဆိုင်များအနေဖြင့် မှတ်ပုံတင်ထားသော QR Code မရှိသည့် ယာဉ်များကို စက်သုံးဆီရောင်းချပေးသွားတော့မည် မဟုတ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။

QR Code စနစ်နှင့်အတူ ဝန်ကြီးဌာနကထုတ်ပြန်လိုက်သော သီတင်းတစ်ပတ်စာ စက်သုံးဆီခွဲတမ်းအရ ဘတ်စ်ကားများက ၆၀ လီတာ၊ မော်တော်ဆိုင်ကယ်များက ငါးလီတာ၊ ကားများက ၁၅ လီတာ၊ ဗန်ကားများက ၄၀ လီတာ၊ ကုန်တင်ကားများက ၂၀၀ လီတာ၊ သုံးဘီးတပ်ယာဉ်များက ၁၅ လီတာစသည်ဖြင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီများကို ဝယ်ယူစုဆောင်းခြင်းနှင့် သိုလှောင်သိမ်းဆည်းခြင်း၊ စက်သုံးဆီဖြန့်ဖြူးခြင်းကြောင့် ပြည်သူလူထု၏ နေ့စဉ်လုပ်ငန်းဆောင်တာများ အနှောင့်အယှက်မဖြစ်ပေါ်စေရန် အစိုးရက QR Code စနစ်ကို အသုံးပြုခြင်းဖြစ်သည်ဟု ဆိုသည်။



ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများတွင် အသုံးပြုသည့် ယာဉ်များအတွက် စက်သုံးဆီ ဖြန့်ဖြူးမှုအစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက သီးခြားစီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်စဉ်ကလည်း စက်သုံးဆီဖြန့်ဖြူးရောင်းချရာတွင် QR စနစ်ကို ကျင့်သုံးခဲ့ဖူးကြောင်း သိရသည်။ ဆင်ဟွာ

## ဘရူနိုင်းနိုင်ငံ၌ စာသင်ကျောင်းနှင့် အိမ်ရာစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည်

**ဘန်ဒါဆီရီဘီဂါဝမ် မတ် ၁၅**

ဘရူနိုင်းအစိုးရသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ဘရူနိုင်းဒေါ်လာ သန်း ၄၈၀ (အမေရိကန်ဒေါ်လာ ၃၇၅ ဒသမ ၂ သန်းခန့်) ကို ခွဲဝေချထားပေးလိုက်ပြီဖြစ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက မတ် ၁၄ ရက်တွင် ပြောသည်။

ဘရူနိုင်းဒေါ်လာ ၃၀၉ သန်းကို စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ အစိုးရအိမ်ရာစီမံကိန်းအရ အိမ်ရာအသစ်များဆောက်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းဆောင်တာများကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်း စသည့်နေရာများတွင် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး မိုဟာမက် အမင်လျူအဗ္ဗဒူလာက ဥပဒေပြုကောင်စီ အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများ၊ စာသင်ကျောင်းများနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ခိုင်မာအားကောင်းစေရေးတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## ဩစတြေးလျနိုင်ငံ၌ ရေကြီးမှုဖြစ်ပွားသည့်ဒေသများသို့ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ စေလွှတ်မည်

**ကင်ဘာရာ မတ် ၁၅**

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်မြေ(အင်န်တီ)၌ ရက်ပေါင်းများစွာရေကြီးမှုနှင့်ကြုံတွေ့နေရသည့် ဒေသခံများကိုကူညီရန် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် အန်တိုနီအယ်ဘာနီးစ်က မတ် ၁၅ ရက်တွင် ပြောသည်။

မတ်လအစောပိုင်းမှစကာ မြို့တော်ဒါဝင်၏ အရှေ့တောင်ဘက် ၂၇၀ ကီလိုမီတာတွင် တည်ရှိသည့် ကက်သရင်းမြို့အတွင်း၌ ဆိုးရွားသည့် ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းဒေသသည် ဆယ်စုနှစ်သုံးစုနီးပါးအတွင်း အဆိုးရွားဆုံးရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရပြီး လူများဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဩစတြေးလျ ရုပ်သံအသံလွှင့်ဌာန (အေဘီစီ) က ဖော်ပြထားသည်။ ဆင်ဟွာ

## သဘာဝဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများအတွက် သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်သတ်မှတ်ရန် အီသီယိုးပီးယား ကြေညာ

**အဒစ္စအဘာဘာ မတ် ၁၅**

အီသီယိုးပီးယားနိုင်ငံ၌ မြေပြိုမှုအတွင်း သုံးရက်ကြာရွှံ့နွံများအောက် ရောက်ရှိနေသူတစ်ဦးကို အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ကြောင်း အာဏာပိုင်များက မတ် ၁၄ ရက်တွင် အတည်ပြုခဲ့သည်။

**သေဆုံးသူဦးရေ ၁၀၇ ဦးအထိ ရှိလာ**

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ၁၀၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

ယခုအချိန်ထိ ရွှံ့နွံများအောက်မှ ရုပ်အလောင်း ၁၀၇ ခုကို ပြန်လည်ရရှိပြီဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂဲမိုဖုန် သဘာဝဘေးတုံ့ပြန်ရေးမှ ညွှန်ကြားရေးမှူးဖြစ်သူ မက်စ်ဖင်မန်နူကာက ပြောသည်။ မတ် ၁၀ ရက်က ဂဲမိုဖုန်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်ကြောင့် အသက်ဆုံးရှုံးရသူများအပေါ် ဝမ်းနည်းသည့်အနေဖြင့် အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက်သည် သဘာဝဘေးဖြစ်ပွားရာဒေသသို့ မတ် ၁၄ ရက်က သွားရောက်ခဲ့သည်။ ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများကို အစိုးရက လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးသွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။

သဘာဝဘေးအတွင်း သေဆုံးသွားသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ် ၁၄ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သတ်မှတ်ရန် ကြေညာခဲ့သည်။

ဆင်ဟွာ

## နီပေါနိုင်ငံ၌ လျှပ်စစ်ဘတ်စ်ကား ချောက်ကမ်းပါးအတွင်း ပြုတ်ကျသဖြင့် ခရီးသည် ခြောက်ဦးသေဆုံး

**ခတ္တာမန္ဒူ မတ် ၁၅**

နီပေါနိုင်ငံ ဂေါ့ခ်ဟာခရိုင်၌ မတ် ၁၄ ရက် ညနေပိုင်းက လျှပ်စစ်မိုက်ခရိုဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးအတွင်း ပြုတ်ကျမှုဖြစ်ပွားသဖြင့် ခြောက်ဦးသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မတော်တဆမှုကြောင့် အခြားရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ပြောရေးဆိုခွင့်ရှိသူ နက်ထရာပရာဆက်ရှာမာက ပြောကြားသည်။ ခက်ခဲကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အနေအထားကြောင့် ယခုကဲ့သို့ အသက်ဆုံးရှုံးရသည့် မတော်တဆမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆင်ဟွာ

# တိုင်းဒေသကြီးဝန်ကြီးချုပ် ကန်ကြီးထောင့်မြို့နယ် ဝါးဒူး-အနောက်စု ကွန်ကရစ်လမ်းဖွင့်ပွဲ တက်ရောက်

**ပုသိမ် မတ် ၁၅**
ကန်ကြီးထောင့်မြို့နယ် ဝါးဒူး-အနောက်စု ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝါးဒူး-အနောက်စု ကွန်ကရစ်လမ်းကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဖျော်ဖြေရေးအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ လမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည် ၂ ဒသမ ၁၄ ဖာလုံ၊ အကျယ် ၁၂ ပေနှင့် ဒုခုနစ်လက်မ ရှိကြောင်း သိရသည်။

ထို့ပြင် ယမန်နေ့ညနေပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟင်္သာတမြို့ ညောင်ပင်ရပ်ကွက် ဓမ္မာရုံလမ်းရှိ "နိုင်"ဆီစက်သို့သွားရောက်၍ မြေပဲ၊ ပဲပုပ် ဆီကြိတ်ခွဲထုတ်လုပ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် နတ်မော်လမ်း အရှည် ပေ ၁၀၆၀၊ အကျယ် ပေ ၂၀ ကတ္တရာရေပိတ်လွှာခင်းခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတမြို့နယ် ကြပ်ကလေးကျေးရွာအုပ်စု ကြပ်ကလေးကျေးရွာနှင့် ညောင်ကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ လျှပ်စစ်မီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲဆိုင်းဘုတ်ကို မီးခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖျော်ဖြေရေးအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ကာ ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယား၊ ပန်းချီနှင့် စစ်တုရင်သင်တန်းများဖွင့်

**တောင်ကြီး မတ် ၁၅**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားစကားပြော၊ ပန်းချီနှင့် စစ်တုရင်သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဖန်တီးနိုင်သူများဖြစ်ကြသည့်အတွက် လူငယ်များအား လမ်းမှားပေါ်သို့ မရောက်ရှိစေရန်နှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်စေရန် ဝိုင်းဝန်းတည့်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့်အတွက် လူငယ်များ၏ အတွေးအခေါ်၊ အတွေ့အကြုံ၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စများ ထူးချွန်ထက်မြက်နေရန် လိုအပ်သကဲ့သို့ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလစသည့် ဗလငါးတန်နှင့်လည်း ပြည့်စုံနေရမည်ဖြစ်ကြောင်း၊ ယနေ့နည်းပညာခေတ်တွင် လူငယ်များကို မှာကြားလိုသည်မှာ တယ်လီဖုန်းတစ်လုံးနှင့် ဂိမ်းများ၊ အကျိုးမဲ့သည့် ဗီဒီယိုများကို ကြည့်ပြီး အချိန်ကုန်စေမည့်အစား အွန်လိုင်းမှ မိမိဘဝအတွက်အကျိုးရှိစေမည့် သင်တန်းများ၊ အသိပညာဗဟုသုတရရှိစေမည့် Website များကို ရွေးချယ်ပြီး ဝင်ရောက်လေ့လာ ကြည့်ရှုကြရန် မှာကြားလိုကြောင်း၊ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကာလအတွင်း ဖွင့်လှစ်သည့် သင်တန်းများကို တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းများကို အချိန်မှန်မှန်တက်ရောက်ကြရန်နှင့် သင်တန်းများမှ သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာဖြင့် ကြိုးစားလေ့လာသင်ယူသွားကြရန် ပြောကြားသည်။

ထို့နောက် နွေရာသီသင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က နွေရာသီသင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လက်ခံရယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အင်္ဂလိပ်စကားပြောသင်တန်းခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမတို့တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားနေမှုကိုလည်းကောင်း၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) မှ စာဖတ်ဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်နေမှုနှင့် အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲကျင်းပနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

**သင်ကြားပို့ချ**

အဆိုပါ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယား၊ ပန်းချီနှင့်စစ်တုရင်သင်တန်းများကို မတ် ၁၃ ရက်မှ ဧပြီ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကို သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားတက်ရောက်

**မော်လမြိုင် မတ် ၁၅**
မွန်ပြည်နယ် မော်လမြိုင်မြို့ ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို မတ် ၁၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မွန်ပြည်နယ် စားသုံးသူရေးရာ ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် အနေဖြင့်စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထား ဆောင်ရွက်လျက်ရှိကြပြီး အပြည်ပြည်ဆိုင်ရာ စားသုံးသူ အဖွဲ့အစည်းအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမှ ထုတ်ကုန် ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းကဲ့သို့ အပြည်ပြည်ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများ၏ အကူအညီနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးက ထုတ်ကုန် လုံခြုံစိတ်ချရမှုအရေးကိစ္စကို ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်လျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်း လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များကို အသုံးပြုနိုင်မှသာလျှင် စားသုံးသူများ၏ ဘဝ အန္တရာယ်ကင်းရှင်းပြီး သာယာလှပသောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်းနှင့် နေ့စဉ် ဝယ်ယူအသုံးပြုနေရသော ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသည့် ကုန်စည်များ ဘေးကင်းလုံခြုံမှုရှိစေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် အမှာစကား ပြောကြားခဲ့သည်။



ထို့နောက် မွန်ရိုးရာအကဖြင့် ကပြဖျော်ဖြေ၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများက "ဦးစားပေးမှု စားသုံးသူ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ စားသုံးသူရေးရာ ကော်မတီအဖွဲ့ဝင်များ၊ ဒေသခံ MSMEs လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# တစ်မြစ်တွင်းရေအတူသောက်သုံးကာ အနာဂတ်ပုံရိပ်သစ်ကို အတူရေးဆွဲခြင်း

*မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား*

လန်ချန်း-မဲခေါင်မြစ်သည် တရုတ်နိုင်ငံ ချင်းဟိုင်-ရှီးဇန့်ကုန်းမြင့်ဒေသမှ စတင်မြစ်ဖျားခံပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် (၅) နိုင်ငံကို ဖြတ်သန်းကာ တောင်တန်းချိုင့်ဝှမ်းများကြားတွင် ကီလိုမီတာ ၄၀၀၀ ကျော် ကွေ့ကောက်စီးဆင်းလျက် သန်းပေါင်းများစွာသော မြစ်ဝှမ်းဒေသရှိ ပြည်သူများကို ပံ့ပိုးပျိုးထောင်ပေးလျက်ရှိကာ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံတို့ကို နီးကပ်စွာချိတ်ဆက်ထားပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု LMC ပထမဆုံးအကြိမ် နိုင်ငံ့ခေါင်းဆောင်အစည်းအဝေးကို ဟိုင်နန်ပြည်နယ် စန်းယမြို့တွင် အောင်မြင်စွာကျင်းပခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုယန္တရား ပေါ်ထွက်လာခဲ့သည်။ ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အစီအမံမှ လက်တွေ့လုပ်ဆောင်ချက်သို့လည်းကောင်း၊ အခြေခံတည်ဆောက်မှုမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသို့လည်းကောင်း ပြောင်းလဲလာခဲ့ပြီး ဒေသတွင်း၏ သက်ဝင်လှုပ်ရှားမှု အရှိဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံး ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခု ဖြစ်လာခဲ့သည်။

### ငါးနှစ်စီမံကိန်းနှစ်ခု အကောင်အထည်ဖော်နိုင်ခဲ့

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူ ပူအမျှအသိုက်အဝန်း တည်ဆောက်မှုသည် ထွန်းလင်းတောက်ပသော အနာဂတ်စာမျက်နှာသစ်ကို သီကုံးရေးဖွဲ့ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံသည် ခေါင်းဆောင်များ၏အရေးပါသောသဘောတူညီချက်များကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ထိပ်ပိုင်းဆိုင်ရာ စီမံကိန်းရေးဆွဲမှုနှင့် ယန္တရားတည်ဆောက်မှုများကို စဉ်ဆက်မပြတ် အားဖြည့်ကာ ငါးနှစ်စီမံကိန်းနှစ်ခုကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံတို့၏ မဟာဗျူဟာ အပြန်အလှန်ယုံကြည်မှု ဆက်လက်နက်ရှိုင်းလာခဲ့ပြီး တရုတ်-လာအို၊ တရုတ်-ကမ္ဘောဒီးယား၊ တရုတ်-မြန်မာ၊ တရုတ်-ထိုင်း၊ တရုတ်-ဗီယက်နမ် စသည့် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းများ အသီးသီးအကောင်အထည်ဖော်ခဲ့သည်။ လန်ချန်း-မဲခေါင် နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုသည် ခိုင်မာစွာ တိုးတက်လာခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် South-South Cooperation ၏ စံနမူနာဖြစ်လာခဲ့ကာ နိုင်ငံခြောက်နိုင်ငံ၏ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးခဲ့ပြီး ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူတကွ သာယာဝပြောရေးတို့အတွက် အရေးပါသော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် ကဏ္ဍစုံ၊ အဆင့်ပေါင်းစုံနှင့် ကျယ်ပြန့်သော နယ်ပယ်သစ်ပုံစံကို ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံခြောက်နိုင်ငံသည် မိတ်ဆွေစိတ်ဓာတ်ကို မြှင့်တင်ကာ ခေါင်းဆောင်များ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အရာရှိကြီးများ အစည်းအဝေး၊ ပူးပေါင်းအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ပါဝင်သော သုံးဖက်မြင်ပူးပေါင်းဆောင်ရွက်ရေး ဖွဲ့စည်းပုံကို တည်ဆောက်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနများတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု National Secretariat ရုံး သို့မဟုတ် ညှိနှိုင်းရေး အဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတစ်ခုချင်းစီတွင် "ကဏ္ဍစုံလွှမ်းခြုံမှု၊ ဌာနအသီးသီးပါဝင်မှု" ရရှိစေခဲ့သည်။ အဓိကမဏ္ဍိုင်သုံးရပ် (နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့်ယဉ်ကျေးမှု)နှင့် ဦးစားပေးကဏ္ဍ ငါးခု (ချိတ်ဆက်မှု၊ ထုတ်လုပ်မှုစွမ်းရည်၊ နယ်စပ်စီးပွားရေး၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး) စသည့် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းလာခဲ့သည်။ လန်ချန်း-မဲခေါင် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Water Resources Cooperation Center-MLWRCC)၊ သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Environmental Cooperation Center - MLECC)၊ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Agricultural Cooperation Center-MLACC)၊ လူငယ်များနီးနှောဖလှယ်ရေးဗဟိုဌာန (Lancang-Mekong Youth Exchange Center-MLCYEC)၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center)နှင့် မဲခေါင်ဒေသဆိုင်ရာ လေ့လာရေးစင်တာ (Global Center for Mekong Studies-GCMS) စသည်တို့ တည်ထောင်ပြီး လည်ပတ်လျက်ရှိသည်။ ထို့ကြောင့် "နေ့စဉ်တိုးတက်မှု၊ လစဉ်ရလဒ်များ၊ နှစ်စဉ် အဆင့်မြင့်မှု"ဟူသော လန်ချန်း-မဲခေါင် အရှိန်အဟုန်ကို ဖန်တီးခဲ့သည်။

> ❝ မြန်မာနိုင်ငံသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို ပထမဆုံး အဆိုပြုသည့်နိုင်ငံဖြစ်သည့်အပြင်၊ တက်ကြွစွာပါဝင်ခြင်းနှင့် အကျိုးခံစားခွင့်ရရှိသော အဓိကနိုင်ငံဖြစ်သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ပံ့ပိုးထားသော စီမံကိန်းပေါင်း ၁၃၂ ခုသည် မြန်မာနိုင်ငံ၌ အောင်မြင်မှုရလဒ်ကောင်းများစွာ ထွက်ပေါ်လျက်ရှိပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစရှိသည့် ကဏ္ဍများစွာ၌ လွှမ်းခြုံထား ❞

### မှတ်တိုင်သစ်များ ထူထောင်နိုင်ခဲ့

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် မြစ်ဝှမ်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစကြံတည်ဆောက်ရေးတွင် မှတ်တိုင်သစ်များ ထူထောင်နိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်-မဲခေါင် နိုင်ငံများ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၀၀.၉ ဘီလီယံအထိ စံချိန်တင် ရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်ဆယ်နှစ်ကထက် ၁၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ် နိုင်ငံတို့၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ လာအိုနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ်လည်းကောင်း နှစ်ပေါင်းများစွာ ဆက်တိုက်ရပ်တည်ခဲ့သည်။ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာလည်း အဆင်ပြေချောမွေ့စွာ လည်ပတ်လျက်ရှိပြီး တရုတ်-လာအို ရထားလမ်း၏ ရွှေရောင်လမ်းကြောင်း အကျိုးသက်ရောက်မှုမှာ ဆက်လက်ထင်ရှားလျက်ရှိသည်။ တရုတ်-ကမ္ဘောဒီးယား၊ တရုတ်-ထိုင်း၊ တရုတ်-ဗီယက်နမ်တို့အကြား အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ စိုက်ပျိုးရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏ်ရည်တု(AI)ဆိုင်ရာ ကဏ္ဍများ အပါအဝင် စီမံကိန်းများစွာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံအကြား ရန်ပုံငွေ၊ ကုန်စည်နှင့် နည်းပညာများသည် မြင့်မားသောအရည်အသွေးဖြင့် စီးဆင်းလျက်ရှိပြီး ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် ပူးပေါင်းဆောင်ရွက်မှုမှာ နက်ရှိုင်းစွာဖွံ့ဖြိုးလာခဲ့သည်။ ယင်းသည် စီးပွားရေးအသွင်သစ်များ ပေါ်ထွန်းလာစေကာ တိုးတက်မှုတွန်းအားသစ်များကို လှုံ့ဆော်ပေးခဲ့ပြီး လန်ချန်း-မဲခေါင် မြစ်ဝှမ်းအား ခေတ်သစ်ကာလတွင် သက်ဝင်လှုပ်ရှားမှုအသစ်များ ရရှိစေခဲ့သည်။

### စီမံကိန်းပေါင်း ၉၉၁ ခုကို ပံ့ပိုးကူညီခဲ့

ဆယ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဖလှယ်မှုတွင် အပြန်အလှန်နားလည်သဘောပေါက်မှု၊ သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့၏ အခြေအနေအသစ်များ ပေါ်ထွန်းလာခဲ့သည်။ "လန်ချန်း-မဲခေါင် ဗီဇာ" သည် ဆက်ဆံရေးကို ပိုမိုအဆင်ပြေချောမွေ့စေပြီး နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများသည် အပြန်အလှန်လေ့လာရေးခရီးစဉ်များ ပိုမိုများပြားလာခဲ့သည်။ အနုပညာပွဲတော်များ၊ ဓာတ်ပုံပြပွဲများနှင့် ရုပ်ရှင်ရက်သတ္တပတ်များကဲ့သို့သော လူမှုယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများ၏ စိတ်နှလုံးသားချိတ်ဆက်မှုကို ပိုမိုခိုင်မာစေခဲ့သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် "သေးငယ်ပြီးကောင်းမွန်သည့်" စီမံကိန်းပေါင်း ၉၉၁ ခုကို ပံ့ပိုးကူညီခဲ့သည်။ ၎င်းတို့အနက် "လန်ချန်း-မဲခေါင် စမ်းရေချိုလှုပ်ရှားမှု (Operation Sweet Spring)" ဖြင့် စံပြရေပေးဝေရေးစီမံကိန်း ၁၁၀ ခု တည်ဆောက်ခဲ့ရာ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ခန့်မှန်းခြေ လူဦးရေ ၁၃၀၀၀ ခန့် အကျိုးခံစားခဲ့ရသည်။ "LMC Harvest" စီမံကိန်းသည် ကော်ဖီ၊ ရော်ဘာ၊ သစ်သီးဝလံ၊ ပိုးထည်နှင့် ရေထွက်ကုန်ပစ္စည်းများကဏ္ဍတွင် ဒေသခံတောင်သူ သောင်းနှင့်ချီ၍ ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်စေရန် ကူညီပေးခဲ့သည်။ "လန်ချန်း-မဲခေါင် အလင်းရောင်ခရီးစဉ်" စီမံကိန်းကြောင့် အတွင်းတိမ်ဝေဒနာရှင် ပေါင်းသောင်းချီကို အမြင်အာရုံပြန်လည်ရရှိစေခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြောက်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ပူးပေါင်းရင်ဆိုင်ကျော်လွှားခဲ့ကြပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ ဆောင်ရွက်ကာ ပြည်သူများ၏ အသက်အိုးအိမ်နှင့် ကျန်းမာရေး၊ ဒေသတွင်း ငြိမ်းချမ်းရေးတို့ကို အတူတကွ ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

### မြန်မာနိုင်ငံသည် ပထမဆုံး အဆိုပြုသည့်နိုင်ငံဖြစ်

မြန်မာနိုင်ငံသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို ပထမဆုံး အဆိုပြုသည့်နိုင်ငံဖြစ်သည့်အပြင်၊ တက်ကြွစွာပါဝင်ခြင်းနှင့် အကျိုးခံစားခွင့်ရရှိသော အဓိကနိုင်ငံဖြစ်သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ပံ့ပိုးထားသော စီမံကိန်းပေါင်း ၁၃၂ ခုသည် မြန်မာနိုင်ငံ၌ အောင်မြင်မှုရလဒ်ကောင်းများစွာ ထွက်ပေါ်လျက်ရှိပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစရှိသည့် ကဏ္ဍများစွာ၌ လွှမ်းခြုံထားသည်။ ယင်းတို့အနက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စံပြကျေးရွာများ တည်ဆောက်ခြင်းဖြင့် မြန်မာပြည်သူများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ပြီး သာယာဝပြောသော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊ ဆိုလာအသေးစား ဓာတ်အားပေးစနစ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဖြင့် ဝေးလံခေါင်သီသော ဒေသများရှိ အိမ်ထောင်စုထောင်ချီအား ၂၄ နာရီ လျှပ်စစ်မီး အဆက်မပြတ်ရရှိစေခြင်း၊ ငါးထွက်ကုန်ပစ္စည်း အရည်အသွေးမြှင့်တင်ပေးခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်ဝကောင်းမွန်သော ငါးထွက်ကုန်များကို မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါး၏ဟင်းရည်အဖြစ် အသုံးပြုနိုင်စေခြင်း စသည်တို့ ပါဝင်သည်။ ယမန်နှစ် ဩဂုတ်လတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကံဆိပ်ကျေးရွာရှိ ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားသို့ ကျွန်မတက်ရောက်ခဲ့စဉ် ဒေသခံရွာသူ ရွာသားများက "တစ်နေ့ကျရင် လျှပ်စစ်မီးနဲ့ သန့်ရှင်းတဲ့ရေကို သုံးရလိမ့်မယ်လို့ အိပ်မက်ထဲမှာတောင် မတွေးမိဘူး" ဟု စိတ်လှုပ်ရှားစွာ ပြောကြားခဲ့ကြသည်။ ဤလက်တွေ့ကျသော ရလဒ်များနှင့် စိတ်လှုပ်ရှားဖွယ် အခိုက်အတန့်များသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၏ သက်ဝင်လှုပ်ရှားသောပုံရိပ်များ ဖြစ်သကဲ့သို့ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ မဆုတ်မနစ်ကြိုးပမ်းခြင်း၏ အကောင်းဆုံးသက်သေပြချက်လည်းဖြစ်သည်။

ဆယ်နှစ်တာကာလအတွင်း ဝီရိယစိုက်ထုတ်မှု၏ အသီးအပွင့်များ ဖူးပွင့်ခဲ့သည်။ တရုတ်-မြန်မာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ လက်တွေ့အတွေ့အကြုံများက လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် "တန်းတူညီမျှဆက်ဆံခြင်း၊ စိတ်ရင်းစေတနာဖြူစင်စွာဖြင့် အပြန်အလှန်ကူညီခြင်း၊ မိသားစုဝင်များကဲ့သို့ ရင်းနှီးခြင်း" ဟူသော လန်ချန်း-မဲခေါင် ယဉ်ကျေးမှုကို အမြဲမြှင့်တင်ခဲ့ခြင်း၊

*စာမျက်နှာ ၁၇ သို့*

# ကယားပြည်နယ်ဝန်ကြီးချုပ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ယူပြီးမြောက်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲသို့တက်ရောက်



**လွိုင်ကော် မတ် ၁၅**

ကယားပြည်နယ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ယူပြီးမြောက်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်း ဆရာ ဆရာမများနှင့် စာသင်ဝိုင်းအသီးသီးမှ စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အနေဖြင့် ၂၀၂၆ ခုနှစ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေ စာသင်သား ၁၉၈ ဦးသည် ရက်ပေါင်း (၄၀) ကြာ အရေးအဖတ်၊ အတွက် စသည့် အခြေခံစာတတ်မြောက်ရေးကို အောင်မြင်စွာတက်ရောက်သင်ယူနိုင်ပြီးဖြစ်သဖြင့် စာသင်သားအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း၊ စေတနာထားသင်ကြားပေးခဲ့ကြသည့် နည်းပြနှင့် ကြီးကြပ်သူ ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စာတတ်မြောက်ရေး)က ကယားပြည်နယ် ကျေးလက် ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဦးစီးကော်မတီက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးအားလည်းကောင်း၊ အခြေခံစာတတ်မြောက်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုပွဲအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်ပညာရေးမှူးကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူးက စေတနာရှင်လုပ်အားပေးနည်းပြဆရာ ဆရာမများနှင့် ကြီးကြပ်သူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက စာသင်သားများအတွက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များကိုလည်းကောင်းပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် စာသင်ဝိုင်း သုံးဝိုင်းမှ စာသင်သားများက စာဖတ်စွမ်းရည်သရုပ်ပြတင်ဆက်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်း၊ လောဗမ္မ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မှ ကျောင်းသားကျောင်းသူများက "အနာဂတ်မြော်တွေးစဉ်ဆက်ပညာရေး" သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက သီဆိုဖျော်ဖြေခဲ့သည့်အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်ခဲ့မှု ပြခန်းကို လှည့်လည်ကြည့်ရှုကာ နည်းပြဆရာ ဆရာမများ၊ စာသင်သားများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပုခုမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ



**ပုခု မတ် ၁၅**

ပုခုမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို ယမန်နေ့က မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပုခုတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်က ဦးဆောင်၍ ၂၀၁၆ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့က သတ်မှတ်ထုတ်ပြန်သည့် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယခုလိုကျင်းပရခြင်းဖြစ်ကြောင်း၊ စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားကြပြီး မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ကျင်းပဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံတွင်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး ပြည်ထောင်စုအဆင့်အနေဖြင့်လည်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းထားကြောင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီကိုလည်း တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးဆောင်ပြီး ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်း၍ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ အတ္တပရမျှတစွာဖြင့် နိုင်ငံ့စီးပွား မြင့်တက်လာစေရေး ဆောင်ရွက်ပေးကြရန်၊ "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ"ဟူသော ဆောင်ပုဒ်နှင့်အညီ စားသုံးသူများအနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းပြီး ယုံကြည်စိတ်ချရသော ထုတ်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ပုခုတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်အောင်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အခမ်းအနား တက်ရောက် လာကြသူများက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ဗီဒီယိုကို ကြည့်ရှုခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးများက စားသုံးသူရေးရာဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အလှကုန်၊ စားသောက်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

"ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးခြင်း၊ တန်းတူညီမျှ ညှိနှိုင်းဆွေးနွေးခြင်း၊ လက်တွေ့ကျပြီး ထိရောက်မှုရှိခြင်း၊ တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်ခြင်း"ဟူသော လန်ချန်း-မဲခေါင် စိတ်ဓာတ်ကို အမြဲလက်ကိုင်ထားခြင်း၊ နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများအား အကျိုးပြုရန် မိမိတို့၏တာဝန်အဖြစ် အမြဲသတ်မှတ်ခဲ့ခြင်းနှင့် ဒေသတွင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးလိုလားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလိုမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်လိုမှုဟူသော လိုအင်ဆန္ဒနှင့် အလွန်ကိုက်ညီမှုရှိခြင်းတို့ကြောင့် ဒေသတွင်း နိုင်ငံများနှင့် ပြည်သူများ၏ ကြိုဆိုလက်ခံမှုနှင့် အသိအမှတ်ပြုမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ ကမ္ဘာကြီးတွင် ရာစုနှစ်အတွင်း မကြုံစဖူး ပြောင်းလဲမှုကြီးများသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေပြီး စစ်ပွဲနှင့် ပဋိပက္ခများ တစ်ခုပြီးတစ်ခုပေါ်ပေါက်နေကာ အင်အားကြီးသူမှ အင်အားငယ်သူကို အနိုင်ကျင့်သော တောရိုင်းဥပဒေ(The Law of the Jungle) နှင့် တစ်ဖက်သတ်ဝါဒတို့က လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။ မငြိမ်မသက်မှုများနှင့် ပဋိပက္ခများရောယှက်နေသော နိုင်ငံတကာအခြေအနေကို ရင်ဆိုင်ရာတွင် လန်ချန်း-မဲခေါင် နိုင်ငံခြောက်နိုင်ငံတို့သည် ငြိမ်းချမ်းရေးအတွက် တောင်းဆိုကြမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ပေးကြမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်၍ အပြန်အလှန်အကျိုးရှိမှု၊ အစိမ်းရောင် ဆန်းသစ်တီထွင်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ဖြင့် "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ဗားရှင်း ၂.၀" ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရွှေရောင် (၁၀) နှစ် ရာစုအသစ်ကို အတူတကွ စတင်ဖွင့်လှစ်သွားကြမည်ဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် တရုတ်ပုံစံခေတ်မီမှုလမ်းစဉ်ဖြင့် အင်အားကြီးနိုင်ငံတစ်ခု တည်ဆောက်ရေးနှင့် တရုတ်အမျိုးသား ကြီးမြတ်သော ပြန်လည်နိုးထရေး မဟာလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ပန်းတစ်ပွင့်တည်း ပွင့်လန်းခြင်းသည် နွေဦးရာသီမဟုတ်၊ ပန်းမျိုးစုံ ပွင့်လန်းမှသာ နွေဦးရာသီ၏ ဥယျာဉ်တစ်ခု ဖြစ်လာနိုင်သည်။ ကျွန်မတို့ လိုလားတောင့်တနေသည်မှာ တရုတ်တစ်နိုင်ငံတည်း ခေတ်မီတိုးတက်ရေးမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့်အတူ ခေတ်မီတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော်ရန် မျှော်လင့်လျက်ရှိသည်။ ကမ္ဘာ့အရေးအပါဆုံးသော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားမျှတရေး အင်အားစုတစ်ခုအနေဖြင့် တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းတစ်ဦးအဖြစ် အမြဲရပ်တည်သွားမည်ဖြစ်ပြီး တန်းတူညီမျှ စနစ်ကျသော ဗဟုဝင်ရိုးကမ္ဘာနှင့် ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုသော ပါဝင်ထိုက်သူအားလုံးပါဝင်သည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို အတူတကွအဆိုပြုကာ လန်ချန်း-မဲခေါင် နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးဟူသော ပင်မရည်မှန်းချက်ဆီသို့ လျှောက်လှမ်းရင်း လန်ချန်း-မဲခေါင် ဒေသတစ်ခုလုံး ခေတ်မီတိုးတက်ရေး လမ်းကြောင်းပေါ်၌ ပိုမိုအရည်အသွေးမြင့်မားပြီး အဆင့်အတန်းမြင့်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ။

**(ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။)**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ပုဗ္ဗသီရိမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုနှင့် ကိုယ်ပိုင်ကျောင်းသက်တမ်းတိုးခြင်း၊ မူလတန်းကြိုကျောင်းများ သက်တမ်းတိုးခြင်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး



**တပ်ကုန်း မတ် ၁၅**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် မင်္ဂလာဒီပရပ်ကွက် အလယ်တန်းကျောင်း(ခွဲ) စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး၊ ကျောင်းတွင်း ကျောင်းပြင် လုံခြုံမှုရှိစေရေး၊ ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မီးဘေးအန္တရာယ် အထူးဂရုပြုဆောင်ရွက်ရေးနှင့် စာမေးပွဲဖြေဆိုနေချိန်ကာလ ဆူညံမှုများမဖြစ်ပေါ်စေရေး အလေးထား ဆောင်ရွက်ရန် သက်ဆိုင်ရာ ပညာရေးဆရာ ဆရာမများ၊ ဌာနဆိုင်ရာ စာမေးပွဲကြီးကြပ်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် သက်တမ်းတိုး လျှောက်သည့် ပုဗ္ဗသီရိမြို့နယ် "စွမ်းပြည့်" ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်း မြို့နယ် "စေတနာ" ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အသစ်လျှောက်ထားသည့် "WIN" ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ကျောင်းဖွင့်လှစ်သင်ကြားနိုင်ရေး ကွင်းဆင်းစစ်ဆေး ခဲ့ရာ ကျောင်းအတွင်း/အပြင်နှင့် ကျောင်းစာသင်ဆောင်များ သန့်ရှင်းသပ်ရပ်ရေး၊ အားကစားကွင်း၊ သိပ္ပံခန်း၊ ယင်လုံအိမ်သာများ ပြင်ဆင်ထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေ၊ တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီနိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ "ရင်သွေးပျိုးခင်း" မူလတန်းကြိုကျောင်း၊ "Kids Garden" မူလတန်းကြိုကျောင်းတို့အား သက်တမ်းတိုး လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်ဆက်)**

## လားရှိုးမြို့၌ လွယ်ကူလေ့လာ AI နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေး

**လားရှိုး မတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လာရှိုးခရိုင်ရုံးက ကြီးမှူးပြီး မင်္ဂလာ AI ဖြင့် ပူးပေါင်း၍ လွယ်ကူလေ့လာ AI နည်းပညာသင်တန်း (၁/၂၀၂၆) ကို မတ် ၁၄ ရက် နံနက်က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး မင်္ဂလာ AI မှ နည်းပြဆရာ ဦးအောင်သူထွန်းက AI နည်းပညာနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က လွယ်ကူလေ့လာ AI နည်းပညာသင်တန်း (၁/၂၀၂၆) ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မင်္ဂလာAI မှ ဆရာ ဦးအောင်သူထွန်းက AI ၏ အခြေခံသဘောတရားများ၊ သမိုင်းအကျဉ်းနှင့် ခေတ်စားလာပုံ၊ အမျိုးအစားနှင့် အရေးပါသောနည်းပညာများ၊ အလုပ်လုပ်သည့်အခြေအနေ၊ အသိပညာရှာဖွေခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ ပညာရေးနှင့် သုတေသန၊ စီးပွားရေးနှင့် လုပ်ငန်းခွင်၊ Programming နှင့် Coding ရေးသားနည်း၊ တီထွင်ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ၊ ကိုယ်ပိုင်အရည်အချင်းမြှင့်တင်ခြင်း၊ ဓာတ်ပုံဖြင့် အဖြေရှာနည်း၊ ကျန်းမာရေးအတွက် ဆွေးနွေးခြင်း စသည့် အကြောင်းအရာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချရာ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်သင်ကြားခဲ့သည်။

**လူမော် (ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို မတ် ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို လက်တွေ့ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## နောင်ချိုမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးကြို(ကြံ) စိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**နောင်ချို မတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၆ ခုနှစ် မိုးကြို(ကြံ) စိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မတ် ၁၃ ရက်က စတင်ထုတ်ချေးပေးသည်။



မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ငုက္ခလေးကျေးရွာ၊ သုံးဆယ်ကျေးရွာ၊ အထက်ကြူအင်းကျေးရွာနှင့် အင်းဖိုကျေးရွာများရှိ မိုးကြို(ကြံ)စိုက်ပျိုးမည့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ထုတ်ချေးရခြင်းဖြစ်ကြောင်းနှင့် ကြံတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးပေးရာတွင် အထက်ပါကျေးရွာများအတွင်းရှိ မိုးကြို(ကြံ)စိုက်ပျိုးမည့် တောင်သူ ၁၆၅ ဦးရှိပြီး ကြံစိုက်ပျိုးဧက ၁၀၂၃ ဧကအတွက် ထုတ်ချေးငွေကျပ် ၁၀၂၃၀၀၀၀၀ ကို ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှိုးဆော်



**မြဝတီ မတ် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော် ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ဝင်း ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၄) ရပ်ကွက်နေပြည်သူများအား မီးဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိ၊ သတိရှိစေရေးအတွက် လိုက်လံနှိုးဆော်ခဲ့ကြသည်။

ထိုသို့နှိုးဆော်ရာတွင် ရပ်ကွက်နေပြည်သူများအနေဖြင့် လျှပ်စစ်မီးသုံးစွဲရာမှတစ်ဆင့် မီးလောင်မှုမဖြစ်စေရေးအတွက် လည်းကောင်း၊ ဆေးလိပ်မီး၊ ခြင်ဆေးခွေများမှတစ်ဆင့် ပေါ့ဆမှုကြောင့် မီးလောင်မှု မဖြစ်စေရေးအတွက် လည်းကောင်း ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

## ပဲခူးမြို့၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း(အခမဲ့) သင်တန်းဖွင့်



**ပဲခူး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ပန်းချီရေးဆွဲနည်းအတတ်ပညာများကို အခြေခံမှစ၍ စနစ်တကျရေးဆွဲတတ်စေရန် နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယမန်နေ့က ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလွင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးခင်မောင်မြင့်-ပန်းချီလူလူအောင်(ပဲခူး)က မြန်မာ့ရိုးရာ ပန်းချီအနုပညာသင်ကြားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပန်းချီရေးဆွဲနည်းများကို ဆက်လက်ပို့ချရာ မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို မတ် ၁၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**မြောင်းမြ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဗလငါးတန်နှင့် ပြည့်ဝသောအနာဂတ်



လူငယ်များဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အသင်းပိုင်မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို မတ် ၁၅ ရက်က အမှတ်(၁) အခြေခံပညာအထက်ကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ကာယ၊ဉာဏ စွမ်းရည်ပြိုင်ပွဲများကို အကြီးအဆင့်နှင့်အငယ်ဆင့် သတ်မှတ်၍ ကာယစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် တိုင်းဒေသကြီး မိခင်နှင်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်တို့က ဆုရရှိကြသောကလေးငယ်များနှင့် ပြိုင်ပွဲတွင် ဆုအများဆုံးရရှိသည့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာသင်တန်း(အခမဲ့)ဖွင့်လှစ်သင်ကြား

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဆောင်၍နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအနေဖြင့် အချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ်စေရန်၊ ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနခန်းမ၌ စတင်ဖွင့်လှစ်သင်ကြားသည်။



သင်တန်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီးနောက် သင်တန်းဆရာမ ဒေါ်သက်မှုးဝေက အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာတို့ကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့သင်တန်းသား ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းတက်ရောက်သည့် သင်တန်းသားများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီနိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဗလာစာအုပ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို မတ် ၁၅ ရက်မှ ၂၅ ရက်ထိ နေ့စဉ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ကျိုက်လတ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီပင်စုကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲ ကျင်းပ

**ကျိုက်လတ် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝဲကျေးရွာအုပ်စု စီပင်စုကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက





စီပင်စုကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စီပင်စုကျေးရွာ ကုန်ထုတ်လမ်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၃၉ ဒသမ ၈၄၉ သန်းဖြင့် (၁/၃.၈မိုင် x ၁၂' x၉") အား ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကုန်ထုတ်လမ်းရှိလာခြင်းကြောင့် ကျေးရွာအုပ်စုအတွင်း အဓိက အားထားလုပ်ကိုင်ရသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။ **လှိုင်မင်းအောင်**

## မော်လမြိုင်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု Digital Marketing သင်တန်း Graphic Design သင်တန်း ပလတ်စတစ်ခြင်းတောင်းရက်သင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက်က ရတနာထွန်း ပွဲရုံတန်း ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြင့် သင်တန်းဆင်းများကို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်လက်မဲ့များအား အလုပ်ရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း၊ ကလေးအလုပ်သမားများ လျော့နည်းပပျောက်လာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများတွင် Digital Marketing သင်တန်း၌ သင်တန်းသား ၁၀ ဦး၊ Graphic Design သင်တန်း၌ သင်တန်းသား ၁၀ ဦး၊ ပလတ်စတစ်ခြင်းတောင်းရက်သင်တန်း၌ သင်တန်းသား ၁၅ ဦးတို့ဖြင့် ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ဇမ္ဗူသီရိမြို့နယ်၌ မြို့နယ်သာသန ဥပထ္ထမ္ဘကအဖွဲ့အား ဂုဏ်ပြုလက်မှတ်ပေးအပ်

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်သာသနဥပထ္ထမ္ဘကအဖွဲ့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနေဝင်း၊ အဖွဲ့ဝင်(၂) ဦးကျော်အောင်၊ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်ဌေး၊ ဇမ္ဗူသီရိမြို့နယ် ဥပဒေအရာရှိ ဒေါ်ဆုနှင်းဝေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ ဦးစီးအရာရှိ ဒေါ်မေမဉ္ဇူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သာသနဥပထ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အဖွဲ့ဝင်များ၊ သာသနာ့နုဂ္ဂဟဆွမ်းလောင်းအသင်းနှင့် သာသနာမဉ္ဇူ ဆွမ်းလောင်းအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂)နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးတို့က ပါဠိပထမပြန်စာအောင် သံဃာများအား ဆုနှင်းသဘင်နှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲများကို (၁၀)နှစ်တိုင်တိုင် အကျိုးဆောင်ပေးခဲ့သည့် သာသနဥပထ္ထမ္ဘကအဖွဲ့ထံ ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။ **နီလာ(ပြန်/ဆက်)**



## ဘားအံမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဈေးများမီးလောင်မှုမဖြစ်ပွားရေး၊ မီးလောင်မှုများ ဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားလာပါက ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အချက်ပေးသံချောင်းခေါက်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊ လျှပ်စစ်မီးလိုင်းများ ပိတ်ခြင်း၊ မီးသတ်ဆေးဘူး၊ ရေ၊ သဲ၊ အပေါ့စား မီးသတ်စက်ငယ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ပြီး ဘားအံမြို့ပေါ်ရှိ မြို့မဈေးအပါအဝင် ဈေးခြောက်ဈေးနှင့် ကျေးလက်ဈေးသုံးဈေးတို့တွင်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှု သတိပြု... အထိတ်တလန့်ဝယ်ယူခြင်း အကြောင်းအကျိုး

**အရှေ့အလယ်ပိုင်းဒေသတင်းမာမှုများ အရှိန်တက်၍ ပြင်းထန်လာချိန်တွင် နိုင်ငံအသီးသီး၌ ဈေးကွက်အလှုပ်အခတ်များ ရှိလာသည်။ ထိုဈေးကွက်များထဲတွင် အသိသာဆုံးမှာ နေ့စဉ်လှုပ်ရှား၊ အသုံးပြုနေကြရသော စက်ကိရိယာ၊ ယာဉ်ယန္တရားများအတွက် အရေးပါသည့် စက်သုံးဆီဈေးကွက်ဖြစ်သည်။ နိုင်ငံအချို့ရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်တို့ တစ်မျှော်တစ်ခေါ် တန်းစီနေကြသည်ကို သတင်းများတွင် မြင်တွေ့နေရ၏။**

ရွှေသင် (MPP)

အခြေအနေကို သက်ဆိုင်ရာမှ ထိန်းကျောင်းကြပ်မတ်နေသည်သာမက စီးပွားရေးသုတေသီများ၊ ပညာရှင်များကလည်း ထိုကဲ့သို့ စက်သုံးဆီများကို အထိတ်တလန့်ဝယ်ယူနေခြင်း၊ လိုအပ်သည်ထက်ပို၍ ဝယ်ယူ၊ စုဆောင်း၊ သိုလှောင်နေခြင်းတို့ကို မပြုလုပ်သင့်ကြောင်း တိုက်တွန်းဆော်သြ၊ အကြံပြုနေကြသည်။ ယခုကဲ့သို့ အထိတ်တလန့် ဝယ်ယူသည့် အခြေအနေမျိုးကို မကြာခဏ ကြုံတွေ့ဖူးကြပြီး ဖြစ်သည်။ သတင်းအချက်အလက်အပြည့်အဝမသိ၊ ဇာစ်မြစ်မရှိသည့် သတင်းကြားလိုက်ရသည်နှင့် စိုးရိမ်စိတ်ဖြစ်ပေါ်ကာ လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ အဆက်မပြတ်ဝယ်ယူခြင်းတို့ဖြင့် အထိတ်တလန့်ဝယ်ယူမှုကို ပြုလုပ်ကြခြင်းဖြစ်သည်။

### အကျိုးဆက်သက်ရောက်မှု

အထိတ်တလန့်ဝယ်ယူခြင်းသည် ဝယ်ယူသူတစ်ဦးတစ်ယောက်ချင်းစီကို စိတ်သောက ဖြစ်စေရုံသာမက ဈေးကွက်တစ်ခုလုံး မတည်ငြိမ်မှုဖြစ်စေပြီး အခြားဆက်နွယ်သည့် ကဏ္ဍများတွင်ပါ ဆိုးကျိုးများ ကြုံတွေ့လာနိုင်သဖြင့် တာဝန်ရှိသူများနှင့် ပညာရှင်များက ထိုသို့မပြုလုပ်ရန် တိုက်တွန်းအကြံပေးနေကြခြင်းဖြစ်သည်။

- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် (ဝယ်ယူသူတို့ ကိုယ်တိုင်ပြုလုပ်မှုကြောင့်) ဈေးကွက်အတွင်း အမှန်တကယ်မဟုတ်သော၊ အတုအယောင်ရှားပါးမှု ဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် လူပင်ပန်းရုံသာမက အချိန်နှင့်ငွေကို ဖြုန်းတီးသကဲ့သို့ ဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုသည် စက်သုံးဆီအပါအဝင် အခြားကုန်စည်များ၏ ဈေးနှုန်းများ သိသိသာသာမြင့်တက်လာစေတတ်ပြီး ငွေကြေးဖောင်းပွမှုကိုမြင့်တက်ကာ အိမ်ထောင်စုများ၏ ကုန်ကျစရိတ်များကို ထပ်မံမြင့်တက်လာစေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုအပေါ် လက်လီရောင်းချသူများက အခွင့်ကောင်းယူကာ ပိုမိုအမြတ်တင်ရောင်းချတတ်သဖြင့် ဈေးကွက်မတည်ငြိမ်မှုကို ဖြစ်စေသည်။
- စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုများကြောင့် ဖြစ်ပေါ်လာသည့် မော်တော်ယာဉ်အမျိုးမျိုးတို့၏ ရှည်လျားသော တန်းစီစောင့်ဆိုင်းမှုများသည် လမ်းမကြီး၊ လမ်းမငယ်များကို ပိတ်ဆို့မှုဖြစ်စေကာ သွားလာမှု နှောင့်နှေးကြန့်ကြာခြင်း၊ အရေးပေါ်ကိစ္စများတွင် သွားလာမှုခက်ခဲခြင်းတို့ ဖြစ်စေသည်။ ထိုအခြေအနေမြင်ကွင်းများသည် ကောလာဟလသတင်းများကို အများအပြားပေါ်ထွက်လာစေပြီး အများပြည်သူတို့ကြား စိုးရိမ်စိတ်များကို ပိုမိုကြီးထွားလာစေသည်။

### အထိတ်တလန့်ဝယ်ယူမှု လျော့ကျစေရေး

စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှု မဖြစ်စေရန် /အထိတ်တလန့်ဝယ်ယူလိုစိတ် လျော့ကျစေရန် သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များက နည်းလမ်းအမျိုးမျိုး ကျင့်သုံးနေကြသကဲ့သို့ ဝယ်ယူသုံးစွဲသူများ ကိုယ်တိုင်ကလည်း အောက်ပါတို့ကို သိရှိ၊ လိုက်နာလုပ်ဆောင်သင့်ပေသည်-

- အထိတ်တလန့်ဝယ်ယူမှုကြောင့် ဖြစ်ပေါ်လာသော အခြေအနေသည် ဈေးကွက်အတွင်း ပုံမှန်ပမာဏထက် ပိုမိုဝယ်ယူမှုရှိလာတတ်သောကြောင့် (အချိန်ကာလတစ်ခုအထိ လုံလောက်မှုရှိသည့် အနေအထားရှိနေသည့်တိုင်) အချိန်တိုအတွင်း မဖြစ်သင့်သော စက်သုံးဆီရှားပါးမှုဖြစ်လာစေတတ်သည်။ ထိုအခြေအနေသည် စိတ်ပညာဘာသာရပ်တွင်ရှိသည့် ကောင်းခြင်း/ ဆိုးခြင်း အခြေအနေများဖြစ်စေရန် မိမိတို့ကိုယ်တိုင် ကြိုတင်ဟောကိန်းထုတ်ခြင်းအယူအဆကဲ့သို့ ဖြစ်လာနိုင်စရာရှိသည်။

ဆိုလိုသည်မှာ အခြေအနေတစ်ရပ်အပေါ် အကောင်းရလဒ် သို့မဟုတ် အဆိုးရလဒ်တစ်ခုခု ဖြစ်လာလိမ့်မည်ဟု ထင်မှတ်၊ ယုံကြည်လျက်/ မျှော်လင့်လျက် တစ်စိုက်မတ်မတ် ပြုမူလုပ်ဆောင်ရာမှ ထင်မှတ်ယုံကြည်ထားသည့်အတိုင်း အမှန်တကယ် ကြုံတွေ့လာရခြင်းဖြစ်သည်။ ယခုကြုံတွေ့နေရသည့် စိုးရိမ်စိတ်များဖြင့် စက်သုံးဆီများအထိတ်တလန့်ဝယ်ယူမှုများကိုလည်း အဆက်မပြတ် ပြုလုပ်မိပါက (မြေပြင်၌ စက်သုံးဆီလက်ကျန်ပမာဏအရ အမှန်တကယ်ပြတ်လပ်မှုမရှိသေးသည့်တိုင်) ရှားပါးသည့်အခြေအနေမျိုးကို ကြုံလာနိုင်ခြင်းဖြစ်သည်။ စက်သုံးဆီ ဝယ်ယူသုံးစွဲနေသူများ၏ကိုယ်တိုင်ပြုလုပ်မှုများကြောင့် ကြုံတွေ့လာနိုင်ခြင်းဟု ဆိုသည်။

- အထိတ်တလန့်ဖြစ်လျက် စက်သုံးဆီများကို ပမာဏများစွာဝယ်ယူ၍ သီးခြားထည့်စရာများတွင် သိုလှောင်သိမ်းဆည်းထားခြင်းသည် ဥပဒေနှင့် မကိုက်ညီသဖြင့် အရေးယူခံရနိုင်သကဲ့သို့ ဘေးအန္တရာယ်ကြီးမားသော မီးလောင်မှုများ ပိုမိုဖြစ်နိုင်ခြေရှိသည်ကိုလည်း သတိပြုရမည်။
- အထိတ်တလန့်ဖြစ်လျက် လူတစ်ဦးချင်း/ မော်တော်ယာဉ်တစ်စီးချင်းစီက စက်သုံးဆီများကို အကြိမ်ကြိမ်၊ အခါခါဝယ်ယူသိုလှောင်နေပါက ဒေသတစ်ခုအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လူနာတင်ယာဉ်များစသဖြင့် အရေးကြီးသော၊ မရှိမဖြစ် ဝန်ဆောင်မှုကဏ္ဍများတွင် စက်သုံးဆီရရှိမှု ခက်ခဲလာနိုင်ခြင်းကြောင့် လုပ်ငန်းမလည်ပတ်နိုင်တော့ဘဲ ဆက်စပ်မှုရှိသော အခြားကဏ္ဍများတွင် အခက်အခဲများဖြစ်ပေါ်ကာ ဒေသတွင်းမတည်ငြိမ်မှုကို ဖြစ်လာစေနိုင်သည်။
- ကောလာဟလများ၊ အွန်လိုင်းမီဒီယာများမှ ဇာစ်မြစ်မသေချာသည့် သတင်းများကို မယုံကြည်ဘဲ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် ကြေညာချက်များ၊ သတင်းများကိုသာ စောင့်ကြည့်သင့်ပါသည်။ သက်ဆိုင်ရာဌာနများ၏ တရားဝင်ကြေညာချက်များသည်သာ စက်သုံးဆီဈေးကွက်အခြေအနေမှန် ဖြစ်သည်ကို သတိပြုသင့်သည်။

> **❂ စက်သုံးဆီ အထိတ်တလန့်ဝယ်ယူမှုအပေါ် လက်လီရောင်းချသူများက အခွင့်ကောင်းယူကာ ပိုမိုအမြတ်တင်ရောင်းချတတ်သဖြင့် ဈေးကွက်မတည်ငြိမ်မှုကို ဖြစ်စေသည်**
>
> **❂ အထိတ်တလန့်ဖြစ်လျက် စက်သုံးဆီများကို ပမာဏများစွာဝယ်ယူ၍ သီးခြားထည့်စရာများတွင် သိုလှောင်သိမ်းဆည်းထားခြင်းသည် ဥပဒေနှင့် မကိုက်ညီသဖြင့် အရေးယူခံရနိုင်သကဲ့သို့ ဘေးအန္တရာယ်ကြီးမားသော မီးလောင်မှုများ ပိုမိုဖြစ်နိုင်ခြေရှိသည်ကိုလည်း သတိပြုရမည်**

- သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိဌာနများက စိုးရိမ်စရာမလိုကြောင်း၊ မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်နေကြောင်း ကြေညာစေကာမူ ဝယ်ယူသုံးစွဲနေသူများက အခြေအနေမှန်ကို သဘောပေါက်နားလည်မှုမရှိ၊ လိုက်နာလုပ်ဆောင်မှုမရှိပါက အလုပ်မဖြစ်နိုင်ပေ။ ၎င်းတို့ကိုယ်တိုင်က ကောလာဟလများကို မယုံကြည်ဘဲ စိုးရိမ်စိတ်လျှော့ချလျက် ပုံမှန်ပြုမူဝယ်ယူမှသာ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် လက်ကျန်၊ ဝယ်ယူမှု၊ ရောင်းချမှုများကို အခြေအနေမပျက်၊ တည်ငြိမ်စွာ ထိန်းသိမ်းနိုင်လိမ့်မည်။ စက်သုံးဆီဈေးကွက် အလှုပ်အခတ်နည်းလျက် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိစေရေးအတွက် အထောက်အကူဖြစ်ပေမည်။

### အခက်အခဲများသက်သာစေရေး

ယခုအခါ ဒေသဆိုင်ရာအာဏာပိုင်များက QR Code စနစ်ကျင့်သုံး၍ လူတစ်ဦးချင်း/မော်တော်ယာဉ်တစ်စီးချင်း၏ စက်သုံးဆီဝယ်ယူနိုင်မှုကို ထိန်းချုပ်နိုင်သည့် Individual Quota Manage-ment ပြုလုပ်လျက်ရှိရာ ဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယူဆပါသည်။

စက်သုံးဆီဈေးကွက် အလှုပ်အခတ်များပါက အခြားသောဈေးကွက်များကိုပါ တစ်နွယ်ငင် တစ်စင်ပါ မတည်ငြိမ်မှုများ ကူးစက်ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးအဆောက်အအုံတစ်ခုလုံး အကျပ်အတည်းတစ်ခုဆီသို့ ဦးတည်သွားနိုင်ပေသည်။ ထို့ကြောင့် ဈေးကွက်အင်အားစုများဖြစ်သည့် ရောင်းလိုအားဘက်မှ တင်သွင်းသည့်ကုမ္ပဏီများ၊ အရောင်းကိုယ်စားလှယ်များ၊ အရောင်းဆိုင်များသည်လည်းကောင်း၊ ဝယ်လိုအားဘက်မှ ဝယ်ယူသုံးစွဲသူများသည်လည်းကောင်း တရားဝင်သတင်းများ၊ ထုတ်ပြန်ကြေညာချက်ကို လက်ခံယုံကြည်လျက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ ဒေသန္တရအာဏာပိုင်အဖွဲ့အစည်းများ၏ အစီအမံများအောက်တွင် အလေးထားလိုက်ပါ ဆောင်ရွက်ခြင်းဖြင့် အထိတ်တလန့်ဝယ်ယူမှုမှတစ်ဆင့် နောက်ဆက်တွဲဖြစ်လာနိုင်သည့် အခက်အခဲများ၊ ဆိုးကျိုးများကို ရှောင်လွှဲနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။ ။

## မော်လမြိုင်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲပြုလုပ်

**မော်လမြိုင် မတ် ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြမှုကို ယမန်နေ့က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး၊ မီးသတိရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ပြည်နယ်/ခရိုင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရုရှားတင်းနစ်အကျော်အမော် မက်ဗီဒက်ဗ် အင်ဒီးယန်းဝဲလ်စ် ဗိုလ်လုပွဲတက်ရောက်



ရုရှားတင်းနစ်အကျော်အမော် ဒန်နီယေးလ် မက်ဗီဒက်ဗ်သည် အင်ဒီးယန်းဝဲလ်စ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့နံပါတ်တစ် စပိန်တင်းနစ်ကစားသမား ကားလို့စ်အယ်ကာရက်ဇ်ကို အံ့အားသင့်ဖွယ် အနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ပြီ ဖြစ်သည်။

အယ်ကာရက်ဇ်သည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်း၊ ကာတာအိုးပင်းပြိုင်ပွဲတို့တွင် ဖလားဆွတ်ခူးထားသူ ဖြစ်သည်။ မက်ဗီဒက်ဗ်သည် အယ်ကာရက်ဇ်ကို ၆-၃၊ ၇-၆ (၇-၃) ရလဒ်ဖြင့်နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

၎င်းသည် ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၂) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဂရင်းဆလမ်းချန်ပီယံ လေးကြိမ်ဆွတ်ခူး ရရှိထားသည့် ဆင်းနားသည် ဆီမီးဖိုင်နယ်တွင် ဂျာမနီနာမည်ကြီး တင်းနစ်ကစားသမား အလက်ဇန္ဒြား ဇီဗာရက်ဗ်ကို ၆-၂၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

အသက် ၃၀ နှစ်အရွယ် မက်ဗီဒက်ဗ်သည် ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးထားသည်။

# ကိုဗင်ထရီက ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့သော်လည်း အမှတ်ပေးဇယား ဆက်လက်ဦးဆောင်

နည်းပြလမ်းပတ်၏ ကိုဗင်ထရီအသင်းသည် မတ် ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၃၈) တွင် ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အမှတ်ပေးဇယားကို ၇ မှတ်ပြတ် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ကိုဗင်ထရီအသင်းသည် ဆောက်သမ်တန်ကို ဂိုးပေါက်ခြိမ်းခြောက်မှုအသာ၊ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး ဖန်တီးမှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်ကစားသမားများ၏ ဟန့်တားရှင်းထုတ်ပုံကောင်းမွန်မှုနှင့် ဂိုးသမား ဒန်နီရယ် ပီရက်ဇ် လက်စွမ်းပြ ကာကွယ်ထားနိုင်မှုကြောင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

# ရီးရဲမက်ဒရစ်က တိုက်စစ်ခြေစွမ်းပြကာ အယ်ချီကို ဂိုးပြတ်အနိုင်ရ

မတ် ၁၅ ရက် နံနက် ၂ နာရီခွဲက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် အယ်ချီအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်က တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဦးဆောင်သူ ဘာစီလိုနာအသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ခဲ့သည်။

အယ်ချီအသင်းသည် ရီးရဲမက်ဒရစ်အသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်သွင်းယူမှုပိုင်း လိုအပ်ချက်ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အယ်ချီအသင်းသည် ယခုရှုံးပွဲကြောင့် ဒီဇင်ဘာ ၂၂ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးမှုနှင့် ဆက်လက်ကြုံတွေ့ခဲ့ရသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဂျီရိုနာက ဘီလ်ဘာအိုကို သုံးဂိုး - ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က ဂီတာဖေးကို တစ်ဂိုး-ဂိုးမရှိ၊ အိုဗီဒိုက ဗလင်စီယာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး အလာဗက်စ်နှင့် ဗီလာရီးရဲပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



# ဝုဖ်ရဲ့ခြေစွမ်းထက်မြက်ပေမယ့် တိုက်စစ်အားသာတဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ရဖို့ မလွယ်ဘူး

ပရီမီယာလိဂ်ပွဲစဉ် (၃၀) မှ ဘရန့်ဖို့ဒ်နဲ့ ဝုဖ်အသင်းပွဲစဉ်ကို မတ် ၁၇ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရမှတ်လိုအပ်ချက်ရှိတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူသွားနိုင်မလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



**ဘရန့်ဖို့ဒ် VS ဝုဖ် နံနက် ၂း၃၀**

ဘရန့်ဖို့ဒ်က အိမ်ကွင်း ၁၄ ပွဲမှာ ၂၅ မှတ်အထိ စုဆောင်းထားနိုင်တယ်။ ပြိုင်ဘက်ဝုဖ်အသင်းက အဝေးကွင်းစွမ်းဆောင်ရည်အားနည်းပြီး ၁၄ ပွဲမှာ လေးမှတ်သာ စုဆောင်းရရှိထားတယ်။ အက်စ်တွန်ဗီလာ၊ လီဗာပူးစတဲ့ အသင်းကြီးတွေကို နိုင်ပွဲရယူထားတဲ့ ဝုဖ်အသင်းရဲ့ ရုန်းအားကြောင့် ဘရန့်ဖို့ဒ်အသင်း အခက်တွေ့နိုင်တယ်။ သို့သော်ငြား ခံစစ်အဆိုးရွားဆုံး အသင်းထဲ ပါဝင်နေတဲ့ ဝုဖ်အသင်းအနေနဲ့ တိုက်စစ်အားသာတဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ရဖို့ မလွယ်ဘူး။



| ■ စောင့်ကြည့်ရမယ့်ကစားသမား | ဘရန့်ဖို့ဒ် နောက်ဆုံးနှစ်ပွဲရလဒ် | ဝုဖ်အသင်း နောက်ဆုံးနှစ်ပွဲရလဒ် | ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|---|---|---|
| သီယေဂို (၂၄ နှစ်) | ဘုန်းမောက် ၀-၀ ဘရန့်ဖို့ဒ် | ဝုဖ် ၂-၁ လီဗာပူး | ဂိုမက်စ် (၂၂ နှစ်) |
| သွင်းဂိုး = ၁၉ ဂိုး | ဝက်စ်ဟမ်း ၂-၂ ဘရန့်ဖို့ဒ် (FA) | ဝုဖ် ၁-၃ လီဗာပူး (FA) | သွင်းဂိုး = ၃ ဂိုး |

# ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ဘာရီယော့စ် သီတင်းပတ်များစွာ အနားယူဖွယ်ရှိ



အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းမှ စပိန်ကွင်းလယ်ကစားသမား ပါဘလို ဘာရီယော့စ် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် သီတင်းပတ်များစွာ အနားယူဖွယ်ရှိသည်ဟု အတည်ပြုထုတ်ပြန်ထားသည်။ ပါဘလိုသည် မတ် ၁၂ ရက်က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ကြွက်သားထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ မက်ဒရစ်နွယ်ဖွား ကွင်းလယ်ကစားသမားသည် လေ့ကျင့်ရေးအစီအစဉ်မှ ဒဏ်ရာအနာတရဖြင့် ထွက်ခွာခဲ့ရပြီး ဆေးအဖွဲ့၏ စစ်ဆေးမှုများအရ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု အသင်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီစပိန်လာလီဂါတွင် ၂၁ ပွဲ ပါဝင်ကစားထားပြီး တစ်ဂိုးသွင်းယူထားသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် လာလီဂါ ၂၇ ပွဲကစားပြီး ရမှတ် ၅၇ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည်နေသည်။

# နောက်ဆုံးရ အားကစားသတင်းတိုများ

- အာဆင်နယ်အသင်းသည် အသက် ၂၃ နှစ်အရွယ် ပြင်သစ်ဗဟိုခံစစ်ကစားသမား ကက်စတယ်လိုလူကီဘာကို ခေါ်ယူရန် လိုက်ပ်ဇစ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။
- ရီးရဲမက်ဒရစ်အသင်းသည် အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကာမာဗင်ဂါ (၂၃ နှစ်) ကို ယခုနှစ်နွေရာသီတွင် ရောင်းထုတ်သွားဖွယ်ရှိသည်။
- နာပိုလီအသင်းသည် အသင်းတွင် အငှားကစားလျက်ရှိသည့် ဒိန်းမတ်တိုက်စစ်ကစားသမား ဟွိုက်လန်း (၂၃ နှစ်) ကို ပေါင် ၃၈ သန်းဖြင့် အမြဲတမ်းခေါ်ယူသွားဖွယ်ရှိသည်။

## လာလီဂါ ပွဲစဉ် - ၂၈

| ၁၇-၃-၂၀၂၆ | | အင်္ဂါနေ့ |
|---|---|---|
| ဗယ်လက်ကာနို - လီဗန်တေး | | နံနက် ၂း၃၀ |

## စီးရီးအေ ပွဲစဉ် - ၂၉

| ၁၇-၃-၂၀၂၆ | | အင်္ဂါနေ့ |
|---|---|---|
| ခရီမွန်းနိစ် - ဖီအိုရင်တီးနား | | နံနက် ၂း၁၅ |

## ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်

ဒုတိယအကျော့

| ၁၈-၃-၂၀၂၆ | ဗုဒ္ဓဟူးနေ့ |
|---|---|
| စပို့တင်း - ဘိုဒိုဂလင့် | နံနက် ၁၂း၁၅ |
| အာဆင်နယ် - လေဗာကူဆင် | နံနက် ၂း၃၀ |
| ချယ်ဆီး - ပီအက်စ်ဂျီ | နံနက် ၂း၃၀ |
| မန်စီးတီး - ရီးရဲမက်ဒရစ် | နံနက် ၂း၃၀ |

## ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်

ဒုတိယအကျော့

| ၁၉-၃-၂၀၂၆ | ကြာသပတေးနေ့ |
|---|---|
| ဘာစီလိုနာ - ကာဆယ် | နံနက် ၁၂း၁၅ |
| ဘိုင်ယန် - အတ္တလန္တာ | နံနက် ၂း၃၀ |
| လီဗာပူး - ဂါလာတာစရေး | နံနက် ၂း၃၀ |
| စပါး - အေတီမက် | နံနက် ၂း၃၀ |

## ချန်ပီယံရှစ် ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗီပေါ့သ်နစ်ခ် | ဆွမ်ဆီး | ၁၇ |
| ရိုက်သ် | ကိုဗင်ထရီ | ၁၆ |
| မက်ဘာနီ | ဟားစီးတီး | ၁၃ |

■ မိုးဇက်-စုစည်းရေးသားသည်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်စို့

**လူတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့်ကဏ္ဍများ ကောင်းမွန်နေရန် လိုအပ်ပါသည်။ ထိုကဏ္ဍများထဲမှ စီးပွားရေးကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။**

*ကိုယဉ်ချစ် (မန္တလေး)*

> **“ နိုင်ငံတော်မှ ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ယခုထက် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဝင်ငွေတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ပြန့်ပွားတီးမှုများမှ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်မည် ”**

နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှသာ ပြည်သူအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြည့်စုံကောင်းမွန်နိုင်ပါမည်။ ကဏ္ဍအားလုံးမှာ တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး စီးပွားရေးကဏ္ဍ တိုးတက်အောင်မြင်ရေးက ပို၍အရေးကြီးပါသည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရပါသည်။ မိမိတို့နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်စီမံကိန်း၊ စီမံချက်များ ရေးဆွဲချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ အပိုဒ် ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်။ အပိုဒ် ၃၆၊ အပိုဒ်ခွဲ (ဂ)တွင် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရက နိုင်ငံသူ နိုင်ငံသားတို့၏ နေထိုင်မှုအဆင့်အတန်းမြင့်မားရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ သဘာဝက ပေးအပ်ထားသည့် သဘာဝသယံဇာတ အရင်းအမြစ်များစွာပိုင်ဆိုင်ထားပါသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း မြစ်ကြီးများနှင့် မြစ်လက်တက်များ၊ ချောင်းကြီး၊ ချောင်းငယ်များစွာတို့မှ သောက်သုံးရေ၊ စိုက်ပျိုးရေများရရှိပါသည်။ မြစ်ဝှမ်းလွင်ပြင်များ၊ နုန်းတင်မြေနုကျွန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြေပြန့်လွင်ပြင်များစွာကိုလည်း ပိုင်ဆိုင်ထားပါသည်။

အလားတူ ရိုးမတောင်တန်းကြီးများ၊ ကုန်းမြင့်ဒေသများတွင် အဖိုးတန် ကျွန်း၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း စသည့် အဖိုးတန်သစ်တော၊ ဝါးတောကြီးများ ရှိနေကြပါသည်။ သဘာဝ တွင်းထွက်သတ္တုများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ပေါကြွယ်ဝပါသည်။ နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်အတွင်း ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်း၊ ပင်လယ်၊ သမုဒ္ဒရာကြီးများမှ ရေထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲနိုင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်သည် လယ်ယာ၊ သစ်တော၊ သားငါး၊ သတ္တုကဏ္ဍ အရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောများနှင့် နီးနွယ်သည့် လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။ နိုင်ငံတော်၏ ပြည်တွင်းထုတ်လုပ်မှု အသားတင်တန်ဖိုး၏ ၃၃ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်များ၏ ၂၆ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍမှ ရရှိပါသည်။

**သဘာဝအရင်းအမြစ်များကို**
**အကျိုးရှိစွာအသုံးချ**

နိုင်ငံတော်မှ ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ယခုထက် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဝင်ငွေတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ပြန့်ပွားတီးမှုများမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အချို့သော တောင်သူလယ်သမားများက မိရိုးဖလာစိုက်ပျိုးရေးနည်းလမ်းများကို မစွန့်လွှတ်နိုင်သေးဘဲ သမားရိုးကျနည်းစနစ်များကိုသာ အသုံးပြုနေကြဆဲဖြစ်ပါသည်။ မိမိတို့လယ်ယာထွက်ကုန်သီးနှံများကို တိုက်ရိုက်ထုတ်လုပ်ရောင်းချနေကြဆဲဖြစ်ပါသည်။ လယ်ယာသားငါး ထွက်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်စီမံ၍ ကုန်ချောထုတ်လုပ်ရန် စိတ်ဝင်စားမှု အားနည်းနေကြသည်။ အလွယ်တကူငွေပေါ်မည့် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်၌သာ တင်းတိမ်ရောင့်ရဲနေကြဆဲ ဖြစ်ပါသည်။

ထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်၍ အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရန် အားနည်းနေခြင်း၊ လက်ရှိအခြေအနေအပေါ်၌သာ ကျေနပ်နေကြခြင်းကြောင့် လယ်ယာသားငါးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေပြီး ခေတ်နောက်ကျနေပါသည်။

ပြည်သူအများစုမှာလည်း ပြည်ပမှ ခေတ်မီထုတ်ကုန်များအပေါ် မှီခိုအားထားမှုများနေကြခြင်းကြောင့် နိုင်ငံခြားသုံးငွေများစွာ ပြင်ပသို့စီးဆင်းနေပါသည်။ ဤအခြေအနေသည် လူဦးရေနည်းပါးစဉ်က မသိသာသော်လည်း တိုးတက်လာသည့် လူဦးရေ အချိုးအစားများအရ စီးပွားရေးကျပ်တည်းမှုများကို မလိုလားအပ်ဘဲ ရင်ဆိုင်လာရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်ပြောင်းလဲလာမှုများကို လေ့လာကြည့်ပါက ၁၈၉၁ ခုနှစ်တွင် ၇ ဒသမ ၇ သန်း၊ ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂သန်း၊ ၁၉၇၃ ခုနှစ်တွင်၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုများအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ ဒသမ ၃ သန်းကျော်ဖြစ်သည့်အတွက် လွန်ခဲ့သည့် ၁၀ နှစ်ကထက် အနည်းငယ်လျော့နည်းနေသည်ဟု သိရပါသည်။

ယေဘုယျအားဖြင့် ၁၀ နှစ်တစ်ကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများအရ လူဦးရေတိုးတက်လာသော်လည်း တိုးတက်လာသည့် လူဦးရေနှင့် ကုန်ထုတ်လုပ်မှု အချိုးအစားမမျှခြင်း၊ ထုတ်ကုန်တိုးတက်မှုအားနည်းပြီး ကုန်ကြမ်းအဆင့် ထုတ်လုပ်မှုအပေါ်သာ အားစိုက်နေခြင်းများနှင့် ဆက်စပ်ကာ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများ ဖြစ်ပေါ်နေရခြင်း ဖြစ်ပါသည်။

**မိရိုးဖလာအဆင့်မှ ခေတ်မီအဆင့်မြင့်**
**ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်**

သို့ဖြစ်ရာ နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ထွက်ကုန်များကို မိရိုးဖလာအဆင့်မှ ခေတ်မီအဆင့်မြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် လိုအပ်ပါသည်။ သို့မှသာ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လုပ်သလောက်အကျိုးခံစားနိုင်မည် ဖြစ်ပါသည်။

လယ်ယာထွက်ကုန်များ တိုးတက်လာစေရန် မြေယာပြုပြင်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများကိုအချိုးကျပေါင်းစပ်သုံးစွဲခြင်း၊ စိုက်ပျိုးရေ၊ အောင်ရေ ရရှိရေးကို အလေးထားဆောင်ရွက်ခြင်း၊ တစ်သီးစိုက်လယ်မြေများကို သီးထပ်စိုက်ပျိုးနိုင်ရန် ပြောင်းလဲဆောင်ရွက်ခြင်း၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များခွဲ၍ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ကြရပါမည်။

အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် စပါးအထွက်နှုန်းကောင်းမွန်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်ဝင် ဝယ်လိုအားကောင်းမည့် အရည်အသွေးကောင်းမျိုးများကို စိုက်ပျိုးရပါမည်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်လာစေရန် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ အသုံးချစိုက်ပျိုးကြရပါမည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များရွေးချယ်မှု၊ မြေယာပြုပြင်မှု၊ ရေစီမံခန့်ခွဲမှု၊ မြေဆီလွှာစီမံခန့်ခွဲမှု၊ ပိုးမွှားအန္တရာယ်ကာကွယ်မှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ အခြောက်ခံမှု၊ သိုလှောင်မှုနည်းစနစ်များကို စနစ်တကျလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

ဒုတိယ လယ်ယာထွက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရဆဲဖြစ်၍ နိုင်ငံခြားငွေ သုံးစွဲရခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို တိုးချဲ့ထုတ်လုပ်နိုင်ပါက ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်မည့်အပြင် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ စားသုံးဆီကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လည်း လိုအပ်ပါသည်။

အခြားစိုက်ပျိုးသီးနှံများဖြစ်ကြသည့် ဂျုံ၊ ပြောင်း၊ ကြံ၊ ပဲမျိုးစုံ၊ ကော်ဖီ၊ ဂုန်လျှော်၊ ငရုတ်ကောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုလည်း မြေလွတ်မကျန်အောင် စိုက်ပျိုးကြရပါမည်။ ကော်ဖီသည် ပြည်ပဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်ရာ ယခင်က ကုန်းမြင့်ကော်ဖီများကိုသာ စိုက်ပျိုးကြပါသည်။ ယခုအခါ မြေနိမ့်ကော်ဖီအမျိုးအစားဖြစ်သည့် ရိုဘာစတာ ကော်ဖီမျိုးများကို မြေပြန့်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ပါသည်။ ရိုဘာစတာ ကော်ဖီမျိုးများကို မြေပြန့်ဒေသများတွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံပင်များဖြစ်ကြသည့် သရက်၊ ရော်ဘာ၊ ကွမ်းသီး၊ ဒူးရင်းခြံများတွင် သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ပါက ဝင်ငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

အများစုက ပြည်ပအထည်များကို ဝယ်ယူဝတ်ဆင်နေကြပါသည်။ ပြည်တွင်းမှ ထွက်ရှိသည့် ဝါကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အနေအထားတွင် ရှိသဖြင့် ပြည်ပမှ တင်သွင်းသည့်အထည်များကို လျှော့ချနိုင်ရန် ပြည်တွင်းအထည်အလိပ်များကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရပါမည်။ နိုင်ငံတော်က ဝါသီးနှံအထူးဇုန်များသတ်မှတ်၍ တစ်ဧကလျှင် ပိဿာ ၇၀၀ ထွက်ရှိရေး၊ အရည်အသွေးကောင်းမွန်သည့် ဝါနှင့်ဂွမ်းများ ထွက်ရှိရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းထွက် ဝါကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မွေးမြူရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ခြင်း၊ သီးခြားမွေးမြူရေးဇုန်များ ထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးခြင်း၊ ခေတ်မီမွေးမြူရေးနည်းစနစ်များကို လေ့လာ၍ လက်တွေ့အကောင်အထည်ဖော်ကြရပါမည်။

**အဆင့်မြင့်ထုပ်ပိုးမှုပုံစံများဖြင့်**
**ထုတ်လုပ်ရောင်းချ**

ပင်လယ်ထွက်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့တင်ပို့နိုင်ရန် အဆင့်မြင့်ထုပ်ပိုးမှုပုံစံများဖြင့် ထုတ်လုပ်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာစေမည်ဖြစ်ပါသည်။ မိမိတို့ နိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်ခြင်းကြောင့် ပင်လယ်ထွက်ကုန်များကို အဆင့်မြှင့်တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာဈေးကွက်၌ တွင်ကျယ်သည့် ထုတ်ကုန်တစ်ခုအဖြစ် ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍

*စာမျက်နှာ ၂၃ သို့*

# ၂၀၂၆ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့် နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန်မို နောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင် မိုင်းပျဉ်းမြို့ အထက(မိုင်းပျဉ်း)စာစစ်ဌာန၊ မိုင်းပျဉ်းမြို့ ပြည်သူ့ဆေးရုံနှင့် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတို့အား ကြည့်ရှုစစ်ဆေး



**မိုင်းပျဉ်း မတ် ၁၅**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ရှိ အထက(မိုင်းပျဉ်း) စာစစ်ဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတို့ကို ယနေ့တွင် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီးသည် အထက(မိုင်းပျဉ်း)စာစစ်ဌာန၌ ကျောင်းသားကျောင်းသူများ စာမေးပွဲကို အေးချမ်းစွာဖြေဆိုနိုင်ရန်အတွက် ယာဉ်များနှင့် စက်သံများ ဆူညံမှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားမှု၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ မဖြစ်ပွားစေရေး၊ အခြားကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် စာဖြေဆောင်အလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေချောမွေ့စေရေးနှင့် လူနာများအား ဆေးကုသမှုဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။ ယင်းနောက် ဗျူဟာမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့်မြို့နယ်ဆရာဝန်ကြီးတို့က လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြကြရာ လူမှုရေးရာဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လူမှုရေးရာဝန်ကြီးသည် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေချောမွေ့စေရေးနှင့် လူနာများအား ဆေးကုသမှုဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထက်ဝေ**
**(ပြန်/ဆက်)**

## နွေရာသီကျောင်းပိတ်ရက် ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင် မတ် ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်အခြေခံ သင်တန်းဆင်းပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ဦးစွာ သင်တန်းဆင်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိခဲ့သည့် ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၅၄ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်စွက်စာများပေးဝေခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**




## နောင်ချိုမြို့နယ်၌ နွေရာသီအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**နောင်ချို မတ် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ အားကစားများကို စိတ်ပါဝင်စားစွာဖြင့် စနစ်တကျ လေ့လာနိုင်စေရန်၊ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အားကစားဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။




ဦးစွာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစည်သူလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခြင်း၊ ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ခဲ့သည်။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ် စသည့် အားကစားနည်းများကို စနစ်တကျ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်အရှေ့ပိုင်း ပညာတံခွန်ကျောင်းတိုက်အတွင်း သိမ်နုတ်-သိမ်သမုတ် မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ ပညာတံခွန်ကျောင်းတိုက်အတွင်း သာသနပါလ သိမ်တော်မြတ်အား သိမ်နုတ်-သိမ်သမုတ် မင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းခြံဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ သဘာပတိဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလဝံသာဘိဝံသ အောင်မြေရတနာကျောင်းတိုက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရခိုင်ပြည်နယ် ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ တောင်ရွှေရှုကျောင်းတိုက်ဆရာတော်၊ စစ်တွေမြို့ ပညာတံခွန်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် အနီးကြားနည်းဖြင့် နိမိတ်ကြားဆရာတော်များမှာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ အောင်မြေရတနာကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်မင်းပြားမြို့ နိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ တိပိဋကမဟာဂန္ဓာရုံကျောင်းကမ္မာအေးဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကြံခင်းဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သာယာဝတီ ဆရာတော်၊ ရှင်မတောင်ပရိယတ္တိဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ပညာတံခွန် ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒနှင့် ဆရာတော်များတက်ရောက်ကြပြီး ပညာတံခွန်ကျောင်းတိုက်အတွင်း သာသနပါလ သိမ်တော်မြတ် သိမ်နုတ်-သိမ်သမုတ် မင်္ဂလာအခမ်းအနားအား သာသနာရေးဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

အဆိုပါ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၅၇) ရပ်ကွက်ရှိ ပညာတံခွန်ကျောင်းတိုက်အတွင်း သာသနပါလသိမ်တော်မြတ်အား သိမ်ဒါယကာကြီး သားဖွားမီးယပ်အထူးကုပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်



(ငြိမ်း) နှင့် ဇနီး ဒေါက်တာညိုညိုသန်းမှူ မိသားစုတို့က လှူဒါန်းထားကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# မြောင်းမြမြို့၌ မူကြိုကလေးများ၏ ကာယ၊ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**မြောင်းမြ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဗလငါးတန်နှင့်ပြည့်ဝသော အနာဂတ်လူငယ်များဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အသင်းပိုင်မူကြိုကလေးများ၏ ကာယ၊ဉာဏစွမ်းရည်ပြိုင်ပွဲများကို မတ် ၁၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကား ပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ဆက်လက်၍ ကာယ၊ဉာဏစွမ်းရည်ပြိုင်ပွဲများကို အကြီးအဆင့်နှင့် အငယ်အဆင့်သတ်မှတ်၍ ယှဉ်ပြိုင်ကြရာ ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် အကျီကြယ်သီးတပ်၊ သံပရာသီး ဇွန်းကိုက်၊ အရောင်တူစု၊ ကွင်းပစ်စသည့် ကစားနည်းများဖြင့်လည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် ကဗျာရွတ်၊ ပုံပြော စသည်တို့ဖြင့်ယှဉ်ပြိုင်ခဲ့ကြပြီး ကလေးငယ်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကကြီးနှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်တို့က ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသော ကလေးငယ်များနှင့် ပြိုင်ပွဲတွင် ဆုအများဆုံးရရှိသည့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု အသင်းဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မူကြိုကလေးငယ်များကို နေ့လယ်စာအာဟာရများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

အောင်ဖြိုး(ပြန်/ဆက်)

# ဟိုပုံးမြို့နယ်နှင့်ဆီဆိုင်မြို့နယ်တို့၌ နွေစပါးစိုက်ခင်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ယနေ့နံနက်က ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြပြီး သမဝါယမကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များအား အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ဟန်လွဲကျေးရွာရှိ ဟန်လွဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ နွေစပါးစိုက်ပျိုးထားရှိမှုနှင့်နမ့်တဘက် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ဝက်မွေးမြူထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆီဆိုင်မြို့နယ် သမဝါယမဦးစီးဌာနရုံး အဆောက်အအုံသစ်ဆောက်လုပ်နေမှုအား သတ်မှတ်ထားသည့် သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသည့် စံချိန်၊ စံညွှန်းများအတိုင်း ကိုက်ညီအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဦးစားပေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

တောင်ကြီး (သမဝါယမ)



# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်း စေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့် လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ပြောင်းတင်ပို့နိုင်ရေးရည်ရွယ်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **"မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက် ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့"** ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်အား (၃-၃-၂၀၂၆) ရက်နေ့မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက် ရှိပါကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပါတ်များ |
|---|---|---|
| (က) | ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| ( ခ ) | ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၃၁၉ |

**မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ


**နေပြည်တော် မတ် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးကောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၇ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပူတာအိုမြို့နယ် မူလာရှီးဒီးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ဂျင်ဝိုင် ၅၀ ဒသမ ၇၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၄၄ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၈၈၁၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျိုက်ထိုမြို့နယ် ဒေါင်းတောင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၂၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မုပ္ပလင် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်


လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Mark X 2004 Model)


လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2004 Model)


တရားမဝင် သစ်များ


လိုင်စင်မဲ့မော်တော်ယာဉ် (Mitsubishi Fuso Truck 2009 Model)

**ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။**

တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သထုံမြို့နယ် ဒုံသမိတံတား၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ )ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၅၀၀၊ ဓာတ်ဆီ ဂါလန် ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၁၃၄၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် စစ်တွေမြို့နယ် ဒါးပိုင်ရွာသစ် ကျေးရွာရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀ )ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃) ရပ်ကွက်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၃၇၅ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၄၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Fuso Fighter Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၅၀၄၈၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် တောင်ကြီးမြို့နယ် ရပ်ကွက်ကြီး (၃၅)၌ နေအိမ်ခြံဝင်းအတွင်းရှိ မော်တော်ယာဉ် နှစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၄၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၅၄၀၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး၊ Mazda Titan Light Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၃၅၄၀၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှု ဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက် တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံး ကုန်ပစ္စည်း ၂၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၉၀၄၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် I Zone TT Truck တစ်စီး၊ Nissan Diesel Truck တစ် စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့ စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၂၆၂၁၅၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၀၀၀၀၀)ကိုလည်း ကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ သည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၈၁၆၁၅၀ ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် မတ် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၄၅၁၆၁၃၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက် နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် မတ် ၁၅**

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၁၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် လေးပေခန့် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၄၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် လေးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအထက်သို့ ပြန်လည်ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မုံရွာမြို့တွင် ၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အထက် နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

FAME
RoseHip
Herbal Joint Care
နှင်းဆီသီးဆေး
အဆစ်အမြက် ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေခြင်း
TMR 014211 (0527)
၂/၂၀၂၄ တဆထလ/တိုး (ဝ၆၅၇)
Ph: 09-95 500 5000

FAME
Arthrotec®
Bio supplement for joint
အဆစ်အားဖြည့်ဆေး
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
TMR 011382 (0627)
၂/၂၀၂၄ တဆထလ/တိုး (ဝ၆၅၇)
Ph: 09-95 500 5000

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်သီရိထွန်း(ဘ)ဦးထွန်းရီ (၁၂/သဃက(နိုင်)၁၆၁၀၈၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ဒေါ်သိမ့်သီရိထွန်း (၁၂/သဃက(နိုင်)၁၆၁၀၈၆) နှင့် ဦးမင်းသန်းထိုက် (၁၂/သဃက(နိုင်)၁၅၉၆၅၀) တို့သည် (၂၄-၁၁-၂၀၂၃) ရက်မှစ၍ အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန်ဆန္ဒမရှိတော့သောကြောင့် သဃ်န်းကျွန်းခရိုင်တရားရုံးတော်တွင် မှတ်ပုံတင်အမှတ်(၇၀/၂၀၂၃)ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် နှစ်ဦးပိုင်ဆိုင်သောပစ္စည်း(ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း)တို့ကိုလည်း တရားဝင်ခွဲဝေပြီး ဖြစ်ပါသည်။ သို့ပါ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေး ကိုယ်တာကိစ္စအဝဝကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းထွဋ် (LL.B) အထက်တန်းရှေ့နေ၊ စဉ်-၂၄၅၂၈၊ (၂၀-၁၂-၂၀၀၅)**
**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၈၄၄၁၁၁၇၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/88753 ADX 2 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၉/မနတ(နိုင်)၁၀၀၈၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/4838 SOE Light Truck (1)TON Pick Up(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းမြင့်နွယ် ၅/ရဥန(နိုင်)၀၅၈၇၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (စ-၉၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၄၁-လမ်း (၆၁၊ ၆၃-က(၁))၊ ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် 385V RP 2019 - 2020 အရ (၂-၁၂-၂၀၂၀) ရက်မှစ၍ ဦးအောင်ဆွေ၊ ဒေါ်ငြိမ်းငြိမ်းမင်း အမည်သို့ မူလမြေငှားစာချုပ်သက်တမ်း (၆-၈-၁၉၉၉) ရက်မှ (၅-၈-၂၀၂၉) ရက်အထိ အမည်ပြောင်းရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်ငြိမ်းငြိမ်းမင်း အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၇-၃-၂၀၂၆ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အလိမ်မှာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် စ-၉ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၄၀-လမ်း)(၆၂၊ ၆၃-က/၂)၊ ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် 386 V RP 2019 - 2020 အရ (၂-၁၂-၂၀၂၀) ရက်မှစ၍ ဦးအောင်ဆွေ၊ ဒေါ်ငြိမ်းငြိမ်းမင်း အမည်သို့ မူလမြေငှားစာချုပ်သက်တမ်း (၆-၈-၁၉၉၉) ရက်မှ (၅-၈-၂၀၂၉) ရက်အထိ အမည်ပြောင်းရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်ငြိမ်းငြိမ်းမင်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၇-၃-၂၀၂၆ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၄၄၆)၌ နေထိုင်သော ဒေါ်သန်းဌေး(ဘ)ဦးမြရွှေ ၇/ကဝန(နိုင်)၀၅၀၆၃၆နှင့် ၎င်း၏သားသမီးများဖြစ်ကြသည့် မမေဇင်ဖြူ-ကိုနောင်နောင် (ခ)ကိုအောင်တေဇတို့သည် လွန်ခဲ့သော(၁၀)နှစ်ကျော်ခန့်ကတည်းက လက်ဖက်ရည်ဆိုင် တည်ထောင်ဖွင့်လှစ်သည့်လုပ်ငန်းကို အခြားသူများ အစုရှယ်ယာ ပါဝင်ထည့်သွင်းခြင်းမရှိဘဲ မိသားစုလုပ်ကိုင်ခဲ့ကြပါသည်။ အဆိုပါလက်ဖက်ရည်ဆိုင်လုပ်ငန်းကို မိခင် ဒေါ်သန်းဌေးမှ ငွေရင်း ငွေနှီးထုတ်ကာ တည်ထောင်သူအနေဖြင့် လည်းကောင်း၊ မမေဇင်ဖြူနှင့် ကိုနောင်နောင်(ခ)ကိုအောင်တေဇတို့ သည် လုပ်ခလစာယူ၍ ဆိုင်တာဝန်ခံများအဖြစ် လည်းကောင်း အသီးသီးတာဝန်ယူ၍ပဲခူးမြို့အတွင်း၌မင်းသားကြီးအမည်ဖြင့် လက်ဖက်ရည်ဆိုင်ကို ခမ်းခမ်းနားနား ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ ကိုနောင်နောင်(ခ)အောင်တေဇနှင့် မမေဇင်ဖြူတို့သည် အကြောင်းအမျိုးမျိုးကြောင့် ခရီးထွက်သွားကြသဖြင့်မင်းသားကြီး အမည်ဖြင့် ဖွင့်လှစ်ထားဆဲ လက်ဖက်ရည်ဆိုင်များကို ငွေအရင်းအနှီးထုတ်၍ တည်ထောင်သူ မိခင် ဒေါ်သန်းဌေးမှ ဆက်လက်၍ ကြီးကြပ်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မင်းသားကြီး လက်ဖက်ရည်ဆိုင်လုပ်ငန်းနှင့် ပတ်သက်၍ ကုန်ပစ္စည်းကြွေးကျန်ရှိသူများ၊ ငွေကြေးအရှုပ်အရှင်းရှိသူများ တည်ထောင်သူ ဆိုင်ပိုင်ရှင် ဒေါ်သန်းဌေးထံ ၂၀-၃-၂၀၂၆ ရက်အတွင်း လာရောက်တွေ့ ဆုံရှင်းလင်းရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဆိုင်ပိုင်ရှင် ဒေါ်သန်းဌေးအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လက်ဖက်ရည်ဆိုင်တည်ထောင်သူ ဒေါ်သန်းဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်းလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၂၉)**
**အမှတ်(၂၃၄)၊ ဗိုလ်ချုပ်လမ်းမ၊ အောင်ဇေယျရပ်ကွက်၊ သာယာအေး၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ကွမ်းသီးတန်းလမ်းတွင် တည်ရှိသောအရှေ့လားသော်-ဦးမျိုးမင်းဦးမြေကွက်၊ အနောက်လားသော်-ဦးဝဏ္ဏမြေကွက်၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးသန်းနိုင်စိုးမြေကွက်စသည့် နယ်လေးရပ်အတွင်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်-မှန်တန်း-၆၀၃၊ ဦးပိုင်အမှတ်-၂၃၅နှင့်၁၅၄၊ ဧရိယာ-(၀ ဒသမ ၁၁)ဧကနှင့် (၀ ဒသမ ၄၉) ဧကအကျယ်အဝန်းရှိမြေကွက်အတွင်းရှိ အလျား-(၁၀၀)ပေ x အနံ (၁၀၀)ပေ ဝင်းမြေကို ဦးသန်းနိုင်စိုး (ဘ)ဦးအောင်ထွန်း ၅/နမန(နိုင်)၁၄၂၂၄၁ ကွမ်းသီးတန်းရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နေထိုင်သူမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်လက်ရှိထားအကျိုးခံစား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာခိုင် (ဘ)ဦးဝင်းမြင့် ၅/မရန(နိုင်)၂၅၆၉၉၉ အား အရောင်းအဝယ်ပြုလုပ်ပါရန်အဆိုပြု ကမ်းလှမ်းထားပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် အထက်ပါ အိမ်ဝင်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်ပြီး အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ထွေးလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၃၈)**
**မြိုင်ဟေမာလမ်း၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၄၀၂၆၇၇၅၅၁၊ ၀၉-၇၈၂၃၃၀၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၅)၊ လူနေရပ်ကွက်အမှတ် (၅)၊ သိင်္ဂီ (၃)လမ်း၊ မြေကွက်အမှတ် (၂၃၄)ဟု ခေါ်တွင်သော အလျား (၄၀ ပေ x အနံ ၆၀ ပေ)ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်၊ ဒေါ်အုံးလှ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ် (၆၀) မြေငှားဂရန် စာချုပ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (အလျား ၃၀ ပေ x အနံ ၆၀ ပေ)ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို (၁) ဦးအောင်မြင့် ၁၂/သကတ(နိုင်)၀၀၈၂၂၃၊ (၂) ဒေါ်စုစုလွင် ၁၂/ပဘတ(နိုင်)၀၀၄၅၄၆ တို့က ၎င်းတို့ပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယဉ်ယဉ်အေး ၁၁/စတန(နိုင်)၀၈၉၂၃၂ အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေဖြစ်ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်ယဉ်ယဉ်အေး** | **ဒေါ်ဆုမွန်အောင် (LLB, D.B.L)** |
| **၁၁/စတန(နိုင်)၀၈၉၂၃၂** | **စဉ်-၂၉၉၂၄/၂၀၀၉ မတ်လ (၆) ရက်** |
| | **အမှတ်-၆၆၊ ခဲလယ်လမ်း၊ ပြင်ဦးလွင်** |
| | **ဖုန်း ၀၉-၈၉၃၂၂၄၅၅၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

